မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၅၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်တင်ဘာ ၂၅ ရက်က နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ကုမာရနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် မြန်မာနိုင်ငံတွင် လတ်တလော ဖြစ်ပေါ်နေသော ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အဖြစ်မှန်ကို သိရှိနိုင်ရန် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။

(သတင်းစဉ်)

ငွေတစ်မတ်၊ တစ်မတ်ထက်ထိုက်တန်သော ပစ္စည်းကို ခိုးယူ၊ လုယက်ဖျက်ဆီးလျှင် ပါရာဇိက ကျပြီး ရဟန်းမဖြစ်၊ ရဟန်းအစစ်မဟုတ်တော့ဘဲ လူ့ဘာဝ၊ လူအဖြစ်သို့ ရောက်ရှိသွားပြီဖြစ်၍ အဖွဲ့ဝင် တစ်ဦးမှ ဖျက်ဆီးလျှင် တစ်ဖွဲ့လုံး ပါရာဇိက ကျကြောင်း။

ဆန္ဒပြသံဃာတော်များ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် စာသင်သားသံဃာတော်များအား အကြိမ်ကြိမ်စည်းရုံး ကြခတ်ဝိုင်းဆရာတော်ထံ နော်ဝေသတင်းဌာနမှ ဆန္ဒပြမှုတွင်ပါဝင်ရန် ဖုန်းဖြင့် နှစ်ကြိမ်ဆက်သွယ်

ဆရာတော်က ဆန္ဒပြစီတန်းလှည့်လည်မှုများမှာ သံဃာ့အလုပ်မဟုတ်ကြောင်း မိန့်ကြား ကျောင်းတိုက်ရှိ သံဃာတော်အပါး ၁၂၀၀ ကျော်တို့အား စနစ်တကျကြပ်မတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၅

ပဲခူးမြို့၌ စက်တင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် ရွှေမော်ဓောစေတီ ဦးခန္တီတန်ဆောင်းမှ သံဃာအပါး ၁၀၀ ခန့်စုစည်းပြီး မေတ္တာသုတ်များရွတ်ဖတ်၍ ပဲခူး–သနပ်ပင်လမ်းအတိုင်း စီတန်းလှည့်လည်ခြင်း၊ စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် သံဃာအပါး ၁၄၀ ခန့်သည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပဲခူးမြို့ ရွှေမော်ဓောဘုရားမှ မြို့တွင်းသို့ စီတန်းလှည့်လည်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

သြဝါဒပေး

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်တွင် စာသင်သား သံဃာတော်အပါး ၁၂၀၀ ကျော် သီတင်းသုံးလျက်ရှိရာ ဆန္ဒပြသံဃာတော်များက စာသင်တိုက်သို့ အကြိမ်ကြိမ် လာရောက်ဆက်သွယ်မှုများရှိခဲ့ကြောင်း၊ ကြခတ်ဝိုင်းဆရာတော်ထံသို့လည်း နော်ဝေသတင်းဌာနမှ ဖုန်းဖြင့်နှစ်ကြိမ်ဆက်သွယ်၍ ဆန္ဒပြမှုများတွင် ပါဝင်ရန်စည်းရုံးလှုံ့ဆော်မှုများရှိခဲ့ကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်)

ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ထန်းပင်များ တိုးချဲ့စိုက်ပျိုး

ထန်းပင်ကို မြန်မာနိုင်ငံ မြေပြန့်ဒေသများဖြစ်ကြသော ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မလှိုင်၊ ရေစကြို၊ တောင်သာနှင့် တောင်ငူမြို့များတွင် များစွာတွေ့နိုင်သည်။ ထန်းပင်ကို ၁၉၇၆ခုနှစ်၌ တစ်ကြိမ်၊ ၁၉၉၈ခုနှစ်၌ တစ်ကြိမ် ထန်းပင်စိုက်ပျိုးသောနှစ်အဖြစ် သတ်မှတ်၍ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထန်းပင်မှ ထန်းလျက်၊ ထန်းရွက်၊ ထန်းလက်တို့ ရရှိနိုင်သည်။ ထန်းရွက်ကို အမိုးအကာများအဖြစ် အသုံးပြုနိုင်သကဲ့သို့ ထန်းလက်ကို အခင်းအဖြစ် ရက်လုပ်အသုံးပြုနိုင်သည်။ ထန်းသီးကို လူတို့စားသုံးနိုင်သည့်အပြင် ထန်းသီးအခွံကို တိရစ္ဆာန် နွားများစားသုံးရန် ကျွေးနိုင်သည်။ သက်တမ်းလွန် ထန်းပင်များကို ခုတ်လှဲ၍ အိမ်တိုင်၊ ထုတ်၊ ယောက်၊ ဒိုင်းအဖြစ်လည်း ခွဲစိတ်အသုံးပြုနိုင်သည်။

တော်သလင်း၊ သီတင်းကျွတ်လများသည် ထန်းသီးမှည့်ချိန်ဖြစ်၍ ထန်းပင်စိုက်သင့်သောလများ ဖြစ်သည်။ ထန်းပင်ကို တစ်ပင်နှင့်တစ်ပင် ၂၅ပေစီခြားလျက် စိုက်ပျိုးနိုင်သည်။ ထန်းစေ့ကို စားသုံးရန် ထန်းမြစ်အဖြစ်လည်း စီးပွားဖြစ်စိုက်ပျိုးနိုင်သည်။ ထန်းမြစ်သည် စားသုံးရာတွင် အရသာရှိ၍ ဈေးကွက်ရှိသော ကျေးလက်ထွက်ကုန်ဖြစ်သည်။

ထန်းပင်ကို လယ်ကန်သင်းများ၊ ယာမြေများ၌ စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရန်လွယ်ကူသကဲ့သို့ ကုန်ကျစရိတ်နည်းပါးသဖြင့် စိုက်ပျိုးသင့်သော အပင်ဖြစ်သည်။

ထန်းပင်မှ ထန်းလျက်များ စီးပွားဖြစ်ထုတ်လုပ်နိုင်ပြီး အညာဒေသ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်းကို အထောက်အကူပြုလျက်ရှိရာ ကျေးလက်နေ ပြည်သူများအနေဖြင့် သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ထန်းပင်များကို တိုးချဲ့စိုက်ပျိုးသွားသင့်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ အဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် တရုတ်နိုင်ငံမကာအိုနေ Bowie donatesအမေရိကန်ဒေါ်လာ 430 to "Myanmar Monk. Students Welfare Association of India" for an behalf of friends and himself အလှူငွေကို ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းရာ အမှုဆောင်ဒေါ်မိမိခင်က လက်ခံယူစဉ်။ (က-ပ)

သားကြီး ဦးမျိုးသန့်အား ရည်စူး၍ မန္တလေးမြို့ အောင်တော်မူဘုရား အနောက်ဘက် ၂၉လမ်းနှင့် ၆၄ လမ်းထောင့် အမှတ် ၈၃ နေ ဦးဌေးမောင်-ဒေါ်နုနု မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်းမင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၆-၉-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၅	၁၂။	လျှပ်တစ်ပြက်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း-၁၀)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	English Usage
	၁၈။	ဗွီစီဒီကျော်ကြားတေးများ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ်ရာများနှင့် နှလုံးသား** (အပိုင်း-၃)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၆-၉-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

AM&PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	ပဋ္ဌာန်းပါဠိတော်နှင့် ဓာရဏပရိတ်တရားတော် [ဆရာတော် အရှင်အာစာရ လက်ာရ (စစ်ကိုင်း ရွှေဟင်္သာ)]
၈:၀၅-၂:၀၅	ပြန်လည်ပွင့်ထွန်းလာတော့မည့် ပြည်မြို့မှ သတ္တဌာနဘုရားများ
၈:၂၀-၂:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၅-၂:၄၅	ဖူးကြတူပျော် တာဝတိံသာတက်ပွဲတော်
၈:၅၅-၂:၅၅	တေးဂီတအစီအစဉ်
၉:၀၅-၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅-၃:၁၅	Midweek Sports News
၉:၃၀-၃:၃၀	အဝိဇ္ဇာအမှောင်ခွင်း ဉာဏ်အလင်းထွန်းပေါ် မြတ်ဓမ္မတရားဂုဏ်တော် (ဤန္ဒာဆွေ ရေးဖွဲ့ပူဇော်သည်)
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	ငြိမ့်ညောင်းသာယာ စောင်းပညာ
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀-၄:၄၀	သာသနာ့သက်သေ မဟာပုဂံမြေ [ဒေါက်တာချစ်ငယ် (ဒသန).Ph.D]
၁၀:၅၅-၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀-၅:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀-၅:၁၀	ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅	အရဏ်ဦး၏ အလှများ
၁၁:၄၅-၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅-၅:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀	အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရား ဝပ်တွားအလီလီ နိဗ္ဗာန်ရည်
၁၂:၂၀-၆:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅-၆:၂၅	International Video Topics (လေယာဉ်မတော်တဆဖြစ်စဉ်များ၏ နောက်ကွယ်၌)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) အထူးတရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်)သာသနဓဇ ဓမ္မာစရိယ ဂဏဝါစက ဓမ္မာစရိယသည် တော်သလင်းလပြည့်နေ့ (စက်တင်ဘာ၂၆ရက်)တွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကုန်းဘောင်၁၃လမ်းဓမ္မာရုံ၌ လည်းကောင်း၊ လပြည့်ကျော် ၂ရက်နှင့် ၃ရက်ညများတွင် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာ ဘုရားကြီးကုန်းကျောင်း ဘုရားပွဲ၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အမှတ်၇၉ ကျောင်းကြီးလမ်း ဈေးကြီးအရှေ့ ကြည့်မြင်တိုင်မြို့နယ်နေ ဦးစိုးအောင်-(ဒေါ်ကြင်နွယ်) မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး ပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့နာယက ဦးကိုကိုကြီး လက်ခံယူစဉ်။ (က-ပ)

ကျောင်းတိုက်ရှိ သံဃာတော်များအား ဆရာတော်ကြီးက မြတ်ဗုဒ္ဓ၏ ဝိနည်းသိက္ခာပုဒ်တော်အရ ကိုယ့်ကျောင်းတွင်သာ ရဟန်းသံဃာလိုနေရန်၊ မဆီမဆိုင် အပြင်ထွက်၍ ဆန္ဒပြ စီတန်းလှည့်လည်မှုတွင် ပါဝင်လျှင် ဥပဒေအရ အရေးယူခံရမည်ဟူ၍ သြဝါဒပေးထားခဲ့။

● **ရွှေဖုံးမှ**

သို့ရာတွင် ဆရာတော်က ထိုသို့ဆန္ဒပြ စီတန်း လှည့်လည်မှုမှာ သံဃာ့အလုပ်မဟုတ်ကြောင်း မိန့်ကြားပြီး ဖုန်းလက်ခံ ဖြေကြားခဲ့ခြင်းမရှိကြောင်း၊ ကျောင်းတိုက်ရှိ သံဃာတော်များအားလည်း ဆရာတော်ကြီးက မြတ်ဗုဒ္ဓ၏ ဝိနည်းသိက္ခာပုဒ်တော်အရကိုယ့်ကျောင်းတွင်သာ ရဟန်းသံဃာလိုနေရန်၊ မဆီမဆိုင် အပြင်ထွက်၍ ဆန္ဒပြ စီတန်း လှည့်လည်မှုတွင် ပါဝင်လျှင် ဥပဒေအရ အရေးယူခံရမည်ဟူ၍ သြဝါဒပေးထားခဲ့ကြောင်း သိရှိရသည်။

စက်တင်ဘာ ၂၄ ရက်နံနက်၁၁နာရီ ၄၅ မိနစ်ခန့်တွင် သံဃာအပါး ၃၅၀ ခန့်သည် ရွှေမောဓောဘုရားမှ ပဲခူးမြို့တွင်းသို့စီတန်းလှည့်လည်ခဲ့ရာ လူအချို့ လိုက်ပါခဲ့ပြီး ထိုအဖွဲ့ကို ပဲခူးမြို့နယ် NLD ပါတီဝင်များက ဦးဆောင်ခဲ့ကြောင်း၊ လမ်းပြကြယ်ဆိုသည့်အဖွဲ့မှ ဦးအေးမြင့်သည် သံဃာများ၏ရှေ့မှ ဆိုင်ကယ်ဖြင့် လိုက်ပါလာပြီး "ဗုဒ္ဓ

ရေသန့်ဘူးဖြင့် ပစ်ပေါက်ခံရသဖြင့် ပျက်ဆီးသွားသော ဥတ္တရဆောင်အပေါ်ထပ်ရှိ ပြတင်းပေါက်တံခါးကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘာသာမှန်ရင် စည်းကမ်းရှိပါ၊ လက်ခုပ်တီးပါ၊ သံဃာတော်များကို အားပေးပါ" ဟု မသင့်မလျော် အော်ဟစ်ခဲ့ကြောင်း၊ အဆိုပါဆန္ဒပြ သံဃာများနှင့် လူများသည် မွန်းလွဲ ၂ နာရီခန့်တွင် ကြခတ်ဝိုင်းကျောင်းတိုက်သို့ ရောက်ရှိလာသော်လည်း ကျောင်းတိုက်တံခါးများ ပိတ်ထားသဖြင့် ၎င်းတို့ဆန္ဒပြအဖွဲ့နှင့်အတူ လိုက်ပါလာရန် စည်းရုံးခေါ်ထုတ်၍ မရခဲ့ကြောင်း၊ ယင်းအဖွဲ့သည် ကျောင်းတိုက်အား လှည့်လည်၍ ထပ်မံစည်းရုံးလှုံ့ဆော်ခဲ့သော်

ရေသန့်ဘူးဖြင့် ပစ်ပေါက်ခံရသဖြင့် ပျက်စီးသွားသော ခေမိကာရုံကျောင်းဆောင် အပေါ်ထပ်ရှိ ပြတင်းပေါက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

လည်း ကျောင်းတိုက်အတွင်းမှ ထူးခြားသည့် တုံ့ပြန်မှုမရှိသောအခါ အဆိုပါအဖွဲ့တွင်ပါရှိလာသည့် NLDပါတီဝင်များက "ဒီအချိန်ဟာ အိပ်ချိန်မဟုတ်ဘူး၊ ထဘီထုတ်ပစ်ထည့်လိုက်ပြီး ဆရာလေးလို့ အခေါ်ခံမလား၊ ကြောက်လို့ပုန်းနေတာလား၊ ဘရာစီယာဝတ်မလား" စသည့် ရန့်ရင်းကြမ်းတမ်းစွာ ပြောဆို အော်ဟစ်ကာ ရေသန့်ဘူးများဖြင့် သံဃာ့ကျောင်းဆောင်များကို ပစ်ပေါက်ခဲ့ကြကြောင်း၊ ကြခတ်ဝိုင်းဆရာတော်ကြီး ဦးစီးသည့် စာသင်သား သံဃာတော်အပါး ၁၂၀၀ကျော်တို့သည် ကျောင်းတိုက်အတွင်း စည်းကမ်းကျနစွာ ပဋိယတ္တိစာပေများ သင်ယူလျက်ရှိရာ ဆန္ဒပြအဖွဲ့ အနေဖြင့် ကျောင်းတိုက်အတွင်း၌ သံဃာတော်များအား မတွေ့ရသောအခါ ဆူပူအော်ဟစ်၍ ကျောင်းဆောင်များကို ရေသန့်ဘူးများဖြင့် အကြိမ်ကြိမ် ပစ်ပေါက်ပြီး ကျောက်ကြီးစုလမ်းမှတစ်ဆင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း။

ပျက်စီးခဲ့

ဆန္ဒပြသံဃာများနှင့် NLDပါတီဝင်များ၏ ရေသန့်ဘူးများဖြင့် ပစ်ပေါက်မှုကြောင့် ကြခတ်ဝိုင်းကျောင်းတိုက်ရှိ ဒက္ခိဏဆောင်၊ ဥတ္တရဆောင်၊ ခေမိကာရုံဆောင်နှင့် ခဂ္ဂဆောင်တို့ရှိ ပြတင်းပေါက် တရုတ်ကပ်မှန် ၁၂ ကန့် ပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကြခတ်ဝိုင်းဆရာတော်ကြီးက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးထံ ဆန္ဒပြသံဃာများနှင့် လူပုဂ္ဂိုလ်များအား အရေးယူပေးပါရန် တိုင်ကြားစာပေးပို့ခဲ့ကြောင်း၊ ဆရာတော်ကြီး၏ တိုင်ကြားစာတွင် "ငွေတစ်မတ်၊ တစ်မတ်ထက် ထိုက်တန်သောပစ္စည်းကို ခိုးယူ၊ လုယက်ဖျက်ဆီးလျှင် ပါရာဇိကကျပြီး ရဟန်းမဖြစ်၊ ရဟန်းအစစ်မဟုတ်တော့ဘဲ လူ့ဘဝ၊ လူအဖြစ်သို့ ရောက်ရှိသွားပြီဖြစ်သည်။ အဖွဲ့ဝင်တစ်ဦးမှ ဖျက်ဆီးလျှင် တစ်ဖွဲ့လုံး ပါရာဇိကကျကြောင်း"ဟူ၍ ပါရှိခဲ့ကြောင်းသိရသည်။

ပါဝင်မှုမရှိ

ကြခတ်ဝိုင်းဆရာတော်ကြီးသည် ကျောင်းတိုက်ရှိ သံဃာတော်အပါး ၁၂၀၀ ကျော်တို့အား စနစ်တကျ ကြပ်မတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ကျောင်းတိုက်ရှိ တိုက်အုပ်၊ တိုက်ကြပ်၊ စာချဆရာတော်များအနေဖြင့်လည်း ဆရာတော်ကြီး၏ သြဝါဒအတိုင်း သံဃာ့လက်ကိုင်အင်္ဂါ (၅)ရပ်နှင့် အုပ်ချုပ်မှုသင်္ကေတ ဥပဒေ (၈)ချက်တို့ကို လိုက်နာကျင့်သုံးခြင်း၊ အမြဲလိုက်နာ ပြုကျင့်ရမည့် စည်းကမ်းသတ်မှတ်ပေးထားသည့်အတိုင်း လိုက်နာကျင့်သုံးခြင်းတို့ကြောင့် ယခုကဲ့သို့ ဆူပူဆန္ဒပြမှုများတွင်ပါဝင်မှုမရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြခတ်ဝိုင်းကျောင်းတိုက်ရှိ ဒက္ခိဏဆောင်နှင့် ဥတ္တရဆောင်တို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရေသန့်ဘူးဖြင့် ပစ်ပေါက်ခံရသဖြင့် မှန်ကွဲသွားသော ဒက္ခိဏဆောင်အပေါ်ထပ်ရှိ ပြတင်းပေါက်ကိုတွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနား ပုသိမ်၌ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂၅

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ပုသိမ်မြို့ အထက(၁) ရတနာတန်ဆောင်ခန်းမ၌ စက်တင်ဘာ ၈ရက် နံနက် ၉နာရီက ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူးနှင့်ဇနီး၊ တိုင်းအတွင်းရေးမှူး ဦးကျော်စန်းနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းပညာရေးမှူးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

သီဆိုဂုဏ်ပြု

ရှေးဦးစွာအခမ်းအနားကိုကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဂုဏ်ပြုပြီးနောက် တိုင်းမှူးက အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ တိုင်းပညာရေးမှူး ဦးခင်မောင်ရီက တိုင်းအတွင်းစာတတ်မြောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို တင်ပြပြီး စာစီစာကုံး၊ ပိုစတာပြိုင်ပွဲဆုရရှိသူများအား ဆုများချီးမြှင့်ရာ ရှေးဦးစွာ တိုင်းမှူးက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ ကျောင်းသူ ငါးဦးအားလည်းကောင်း၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူငါးဦးအားလည်းကောင်း၊ တိုင်းပညာရေးမှူး ဦးခင်မောင်ရီက စာတတ်မြောက်ရေးလုပ်ငန်းတွင် ထူးချွန်စွာ ပံ့ပိုးကူညီဆောင်ရွက်ခဲ့သူများအားလည်းကောင်း ဆုများအသီးသီး ပေးအပ်ခဲ့ပြီးနောက် ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့ပြီး ပြခန်းတွင် ပြသထားသော ပန်းချီ၊ ပိုစတာများအား လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနား၌ ဆုချီးမြှင့်စဉ်။ (ဧရာဝတီတိုင်း)

သန့်-တည်-ပွားအဘိဓမ္မာနှင့် တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၅

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအဖွဲ့ (သန့်-တည်-ပွား)၏ (၂၆)ကြိမ်မြောက် ကိုးရက်အဓိဋ္ဌာန်တရားစခန်းကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင်(၅)ရပ်ကွက် မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံတွင် အောက်တိုဘာ၃ရက်မှ ၁၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖုန်း-၀၁-၃၈၂၁၁၁၊ ၇၂၇၂၂၃ တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းကြရန်နှင့် စက်တင်ဘာ၃၀ ရက်တွင် တိပိဋကဓမ္မရက္ခိတ ဗိမာန်တော် (ရွှေတိဂုံဘုရားအရှေ့ဘက်၊ အမှတ်၁၅၊ ကြားတောရလမ်း၊ ဗဟန်း မြို့နယ်)သို့ လူကိုယ်တိုင်လာရောက် သတင်းပို့ကြရန်ဖြစ်ပြီး စခန်းဝင်မည့် ယောဂီများအတွက် ငါးဆူတောင်ရှိ ရိပ်သာသို့ အကြိုအပို့စီစဉ်ပေးမည်ဖြစ်သည်။

ရန်ကုန်မြို့တွင်းတရားပွဲများကျင်းပရန်နှင့်အဓိဋ္ဌာန်တရားစခန်းများ ဖွင့်လှစ်ရန်ဖိတ်ကြားလာပါကအဖွဲ့မှ လိုအပ်သလို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မဟာစန္ဒာရုံ ဝိပဿနာဓမ္မရိပ်သာ သိမ်တည်ဆောက်ရန် အလှူများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်(၃)လမ်းဆုံ နွယ်ခွေလမ်းနှင့် အမှတ်(၃)လမ်းမကြီးကြားရှိ မဟာစန္ဒာရုံ ဝိပဿနာဓမ္မရိပ်သာ ကျောင်းတိုက်အတွင်း တည်ဆောက်မည့်သိမ်အတွက် တာမွေကျောက်မြောင်း အမှတ်(၁၈) ဇောတိကလမ်းနေ မယ်တော်ကြီး ဒေါ်သန်းရှိန်(မိုးကုတ်ယောဂီ) မိသားစုတို့က စက်တင်ဘာ ၁၂ ရက်က ဒုတိယအကြိမ် အလှူတော်ငွေကျပ်နှစ်သိန်းကို ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ (ကမ္မဋ္ဌာနာစရိယ) ရှေ့မှောက်၌လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းတိုက်အတွင်းရှိ သိမ်၊ ဓမ္မာရုံ၊ ယောဂီဆောင်လှူဒါန်းလိုသူများသည် ဆရာတော် ဖုန်း-၀၉-၅၁-၂၅၄၅၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတကာ ကုန်သွယ်ရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ နိုင်ငံငယ်များ၏ ပါဝင်နိုင်မှုစွမ်းအားကို မြှင့်တင်ရန်နှင့် အထောက်အကူပေးရန် ရည်ရွယ်သော ညှိနှိုင်းအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့

ရန်ကုန် စက်တင်ဘာ ၂၅

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် ဖိလစ်ပိုင်အစိုးရတို့ ပူးပေါင်းကျင်းပသော နိုင်ငံတကာကုန်သွယ်ရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၊ နိုင်ငံငယ်များ၏ ပါဝင်နိုင်မှုစွမ်းအားကိုမြှင့်တင်ရန်နှင့် အထောက်အကူပေးရန် ရည်ရွယ်သော ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ညှိနှိုင်းဆွေးနွေး

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် အာရှနှင့်ပစိဖိတ်ဒေသရှိ နိုင်ငံများအတွက် ကုန်သွယ်ရေးကဏ္ဍအပေါ် အထောက်အကူပေးရန်လိုအပ်ကြောင်း ဆွေးနွေးသည့် အစီအစဉ်နှင့် ပုဂ္ဂလိကကဏ္ဍက ပူးပေါင်းပါဝင်ရေးကဏ္ဍအပေါ်လိုအပ်ကြောင်း ဆွေးနွေးသည့် အစီအစဉ်များတွင် ပါဝင်တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့သည်။ ထို့အပြင် မဲခေါင်ဒေသနိုင်ငံများ၏ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဒေသတွင်းကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် အထောက်အကူပြု ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များအပေါ် ညှိနှိုင်းဆွေးနွေးသည့် အစီအစဉ်တွင်လည်း ပါဝင်တက်ရောက်ညှိနှိုင်း ဆွေးနွေးခဲ့သည်။

တက်ရောက်

ယင်းညှိနှိုင်းအစည်းအဝေးသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Paseal Lmuy၊ ကမ္ဘာ့ကုလသမဂ္ဂညီလာခံဆိုင်ရာ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အထွေထွေအတွင်းရေးမှူးချုပ် Mr. Supachai Panitchpakdi ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda တို့ အပါအဝင် အာရှနိုင်ငံ ၂၁နိုင်ငံမှ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အကြီးတန်းအရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ စိတ်ဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အိပ်ရေးပျက်လွန်းလျှင် နှလုံးရောဂါ နှစ်ဆဖြစ်ပွားနိုင်

နေ့စဉ်အိပ်ချိန်နည်းပါးသူများသည် နှလုံးရောဂါဖြစ်ပွားနိုင်မှု နှစ်ဆဖြစ်ပေါ်စေကြောင်း လန်ဒန်မြို့မှ သုတေသနပညာရှင်များကပြောကြားသည်။

ထိခိုက်

လူတစ်ဦးသည် ညပိုင်းအိပ်ချိန် အနည်းဆုံး ခုနစ်နာရီခန့်ရှိသင့်ကြောင်း၊ ထို့ထက်နည်းပါးပါက ကျန်းမာရေးကိုထိခိုက်စေနိုင်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှ သုတေသနပညာရှင် ပါမောက္ခ ဖရန်စစ်ကိုကာပူစီက ပြောကြားသည်။

နှလုံးရောဂါ

နေ့စဉ် အိပ်ချိန်နှင့်ပတ်သက်ပြီး လူ၁၀၃၀၈ ကို သုတေသနပြုခဲ့ရာ ညပိုင်းအိပ်ချိန်နည်းပါးသူတို့သည် ကျန်းမာရေးချို့ယွင်းမှုများပြီး နှလုံးရောဂါ နှစ်ဆဖြစ်ပွားစေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ဇီဝဖြစ်စဉ်

လူတစ်ဦးသည် ပုံမှန်အားဖြင့် ညပိုင်းအချိန်တွင် ပုံမှန်ခုနစ်နာရီခန့် အိပ်စက်အနားယူသင့်ကြောင်း ထို့ထက်လျော့နည်းပါးက ခန္ဓာကိုယ်တွင် ဇီဝဖြစ်စဉ် ယိုယွင်းပြီး ကျန်းမာရေး ဆိုးရွားစွာထိခိုက်စေကြောင်း၊ ထို့အပြင် သွေးတိုးနှင့် ဆီးချိုရောဂါများလည်းဖြစ်ပွားစေနိုင်ကြောင်း ပါမောက္ခ ဖရန်စစ်ကို ကာပူစီက ပြောကြားသည်။ (အင်တာနက်)

ဧရာဝတီမြစ်ရေ ဟင်္သာတမြို့၌ စိုးရိမ်ရေမှတ်ကျော်လွန်

နေပြည်တော် စက်တင်ဘာ ၂၅

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့၌ ၁၄၂၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈၁ စင်တီမီတာကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အခမ်းအနား ရွှေပြည်သာ၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားကို စက်တင်ဘာ ၂၁ ရက်က ရွှေပြည်သာမြို့နယ် စက်မှုဇုန် ကနောင်ခန်းမတွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်က အမှာစကားပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန မြောက်ပိုင်းခရိုင် တာဝန်ခံ ဒေါက်တာမင်းတင်မောင်ရှိန်က အာဟာရရက်သတ္တပတ် အခမ်းအနား ကျင်းပရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်းဗဟုသုတ ခရိုင်အဆင့်ပြိုင်ပွဲတွင် ဆုရရှိသူများအား ကျန်းမာရေးဝန်ကြီးဌာန အာဟာရဗဟိုမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးသော်၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာဝေမာထွန်းနှင့် အာဟာရဌာနမှ ဒေါက်တာဝင်းရည်မွန်တို့က ဆုများကို ချီးမြှင့်ပေးအပ်သည်။

ဆေးဝါးများတိုက်ကျွေး

ဆက်လက်၍အာဟာရဖွံ့ဖြိုးရေး အချက်အပြုတ်ပြိုင်ပွဲ တိုင်းအဆင့်ဝင် မြို့နယ်အသင်းများအား ဂုဏ်ပြုဆုကို ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်သက်မြိုင်က ပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူများက အိုင်အိုဒင်းဆားစစ်ဆေးခြင်း၊ နို့တိုက်မိခင်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအား အာဟာရဖွံ့ဖြိုးရေးအတွက် ဆေးဝါးများတိုက်ကျွေးသည်။ **(ဝ၄၆)**

အင်ဂျင်နီယာလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ

ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမ၌ အင်ဂျင်နီယာ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၁/၂၀၀၇) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမျိုးသမီးလေ့ကျင့်ရေးထူးချွန်ဆုရ ဒေါ်ဝါဝါခိုင်၊ အမျိုးသားလေ့ကျင့်ရေးထူးချွန်ဆုရ ဦးဇော်လင်း၊ အမျိုးသမီးစာပေ ထူးချွန် တတိယဆုရ ဒေါ်မျိုးဇင်မြင့်၊ အမျိုးသမီးစာပေ ထူးချွန် ဒုတိယဆုရ ဒေါ်စောမြတ်နွယ်၊ အမျိုးသမီး စာပေထူးချွန် ပထမဆုရ ဒေါ်အေးအေးမွန်၊ အမျိုးသား စာပေထူးချွန် တတိယဆုရ ဦးမျိုးဇော်၊ အမျိုးသားစာပေထူးချွန် ဒုတိယဆုရ ဦးသော်လင်းစိုး၊ အမျိုးသားစာပေထူးချွန် ပထမဆုရ ဦးစိုးဇော်လတ်၊ အမျိုးသမီးစံပြသင်တန်းသူဆုရ ဒေါ်မြမြသန်း၊ အမျိုးသားစံပြ သင်တန်းသားဆုရ ဦးသက်နှင်း တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမှတ်တရပစ္စည်းများကို ပေးအပ်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသား ဦးဇော်လင်းအား ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ အတွင်းရေးမှူး ဦးမောင်မောင်လတ်၊ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးညိုဝင်း၊ ညွှန်ကြားရေးမှူးများ၊ လက်ထောက်အင်ဂျင်နီယာချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်း မြို့နယ် ရွှေ တောင် ကြား (၂) ရပ် ကွက် မိုးညှင်း ဝိပဿနာ တိုက်သစ်ကြီး၏ မဟာရုံ တံတိုင်း ဆောက်လုပ် ပြုပြင်ရန် အတွက် သ ဃ်န်း ကျွန်း မြို့နယ် သုမင်္ဂလာ အိမ်ရာနေ ရဟန်း ဒါ ယ ကာ ကြီး ဦး တင် မြင့် ဦး–ရဟန်း မယ်တော်ကြီးဒေါ်စောကြည်၊ သား ဖြိုးဇော်ဟိန်း၊ ဖြိုးညီညီဟိန်း ကြည်ကြည်သစ်စက် မိသားစုက မဟာရုံတံတိုင်း ငါးခန်းအတွက် အလှူငွေကျပ် ၁၅သိန်းကို နာယက ဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

နိဗ္ဗာန်ရွှေဂူ တောရရိပ်သာသို့ တိုးချဲ့မြေအတွက်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေခလမ်း၌ ဓမ္မာစရိယ၊B.A)တည်ထောင် ဆောက်လုပ်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာနှင့် ကပ်လျက် တိုးချဲ့မြေဝယ်ယူမည် ဖြစ်ပါ၍ တစ်ပေပတ်လည် တစ်ကွက်လျှင် ငွေကျပ် ၅၀၀၀မျှဖြင့် မည်သူမဆို လှူဒါန်းနိုင်ကြကြောင်းနှင့် လှူဒါန်းလိုပါက ဆရာတော် ဖုန်း–၀၉–၅၁၃၇၀၈၆နှင့်၀၁–၃၈၂၇၅၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ဖေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ၊B.A)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၆)ရပ်ကွက် မိုးမခလမ်းနေ စာရေးဆရာ တက္ကသိုလ်စိန်တင်–ဒေါ်တင်စိန် (စိမ့်ပညာရေး) တို့က စာရေးဆရာ တက္ကသိုလ်စိန်တင်၏ မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော် ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဆိပ်ကမ်းမြို့နယ်၌ ဖွင့်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန် အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စက်တင်ဘာ၂၃ရက် နံနက်ပိုင်းက ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် ဓမ္မာရုံ၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ရွှေက စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်နှင့်စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ဟောပြောသည်။

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်မောင်ထံသို့ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ဆက်လက်၍ စာဖတ်ဝိုင်း ကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုလဲ အထက အာစရိယပူဇော်ပွဲ

စစ်ကိုင်းတိုင်း ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ရက်တွင် ပုလဲအထက ဗိုလ်သာကြည်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် ကြွရောက်ပူဇော်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် ဦးကျော်ဆွေ ဖုန်း–၀၆၂–၄၀၁၅၁၊ ဦးနေလင်း ဖုန်း–၀၇၁–၂၃၂၉၄နှင့် ဦးအောင်ကိုဝင်း ဖုန်း–၀၆၂–၄၀၀၈၅ တို့သို့ ဆက်သွယ်လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

တီးတိန်ပြန်/ဆက် ဦးစီးဌာန စာအုပ် လှူဒါန်းပွဲကျင်းပ

တီးတိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယအကြိမ် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ရက် နံနက် ၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ရှစ်ဦးတို့က မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သုတ၊ ရသ စာအုပ်စုစုပေါင်း ၂၄၇ အုပ်ကို လှူဒါန်းကြရာ မြို့နယ်ဦးစီးမှူး ဒေါ်ဒိုင်ခန့်ဒိန်က လက်ခံသည်။ ဆက်လက်၍မြို့မ အမကမူလတန်းလွန်ကျောင်းအတွက် ဦးဝုမ်းလျန်းထန် (ဗစ်တိုးရီးယားဟိုတယ် မန္တလေး) မိသားစုက ၂၁လက်မ ရုပ်မြင်သံကြားပြစက်ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အင်းငိုက်လျန်းက လက်ခံသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

မိုးမောက်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အားကစားနှင့်ကာယကော်မတီနှင့် မြို့နယ်ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် မိုးရာသီ မြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ၂ရက် ညနေ၃နာရီခွဲက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်လုပွဲအဖြစ် ကြေးနန်းရပ်ကွက်အသင်းနှင့် မံပုံ(၇)မိုင်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကြေးနန်းအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေ့တန်း၊ အလယ်တန်း၊ အနောက်တန်းနှင့် ဂိုးအကောင်းဆုံးဆုများကို ဌာနဆိုင်ရာတာဝန်ရှိသူများကလည်းကောင်း၊ ပထမဆုရရှိသည့် ကြေးနန်းအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးမင်းစိုးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် မံပုံ(၇)မိုင်အသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကြူကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေးဆွေးနွေး

ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ သိန်လုံကျေးရွာ ရွာလယ်ဇရပ်တွင် စက်တင်ဘာ ၃ရက် နံနက် ၁၀နာရီက ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းသည် စာကြည့်တိုက်များ ရေရှည်ရှင်သန် ဖွံ့ဖြိုးရေးအတွက် ကျေးရွာစာကြည့်တိုက် တာဝန်ခံ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် စာဖတ်ဝိုင်းကျင်းပရာ ဦးစီးအရာရှိဦးတင်ဝင်းက ချစ်နိုင် (စိတ်ပညာ) ရေးသားသည့် ဘဝတက်လမ်း၏ ခြေလှမ်းများစာအုပ်မှ စာပေ၏ ရိုက်ချက်ဆောင်းပါးကိုလည်းကောင်း၊ ဒေါ့ဖုန်းယန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်ထွန်းက ညောင်ကျိုးမြို့ စာပေဟောပြောပွဲ ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားရှင်းလင်းပြီး စာဖတ်ပရိသတ်သိလိုသော အကြောင်းအရာ များကို ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ခိုင်မာသောစာကြည့်တိုက်များဖြစ်ရေး ပေါက်မြို့နယ်၌ ဟောပြောဆွေးနွေး

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းသည် စက်တင်ဘာ ၁၅ရက်က ပေါက်မြို့နယ် ရွှေပေါက်ပင်လမ်းတွင် ပေါက်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာသော စာကြည့်တိုက်များဖြစ်ရေး ဆွေးနွေးဟောပြောသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးတင်ဝင်းက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအား ခိုင်မာသောစာကြည့်တိုက်များအဖြစ် တိုးတက်ပွားများလာရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ မိမိတို့စာကြည့်တိုက်များကို ပြည်သူများ အားကိုးရသည်အထိ စေတနာထားဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ သိကောင်းစရာ ပညာပေးဟောပြော

မန္တလေးအောင်မြေသာစံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်း အလုပ်ရုံစက်ရုံများ၊ ရပ်ကွက်များသို့ ကွင်းဆင်း၍ မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောလျက်ရှိရာ ဇူလိုင်၃၁ရက်က ဒါးတန်းရပ် မြသီတာရေသန့်စက်ရုံတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်မာဆောင်းက မိုးရာသီတွင် အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အကြောင်းများကို ဟောပြောသည်။

ဆက်လက်၍ စက်ရုံအတွင်းရှိ ပိုးလောက်လမ်း ဖြစ်ပွားစေနိုင်သည့် ရေတွင်းရေကန်၊ ရေအိုးများ၊ရွှံ့အိုင်များ၊ ရေအိုင်များ၊ ရေဆိုးထုတ် မြောင်းများကို ကွင်းဆင်းကြည့်ရှုပြီး ပညာပေးဟောပြောကြောင်း သိရသည်။ (၁၆၂)

■ *ကျောဖုံးမှ*

အတွင်းဝန် H.E. Mr. M.S Srinivasan၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra ၊ဒုတိယဝန်ကြီးများနှင့် ONGC Videsh Limitedမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Murli S. Deora ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး၊ ONGC Videsh Limited၏ Managing Director Mr. R.S. Butola တို့က နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး၊ ONGC Videsh Limited ၏ Managing Director Mr. R.S. Butola နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ ONGC Videsh Limited ၏ Director (Exploration) Mr. Joeman Thomas တို့က လက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင် ခွင့်ပြုမိန့်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်များကိုလည်းကောင်း ပေးအပ်ရာ ONGC Videsh Limited ၏ Managing Director Mr. R.S. Butola က လက်ခံသည်။

အကျိုးတူ

လက်မှတ်ရေးထိုး ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များသည် မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ဒေသ ရေနက်ပိုင်းလုပ်ကွက် AD-2, AD-3နှင့် AD-9 အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်သည်။

ပို့ဆောင်နှုတ်ဆက်

အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Murli S. Deoraဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၉ ရက်က အထက–၂ (အုန်းတော)ခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်(ငြိမ်း)က အသင်းအတွင်းရေးမှူး ဦးသိန်းဆွေမြင့်အား အသင်းသားများ၏ အမြတ်ဝေစုများ ပေးအပ်စဉ်။ (က–ပ)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ထားဝယ်လေယာဉ်ကွင်း မွမ်းမံပြုပြင်တည်ဆောက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် စက်တင်ဘာ ၂၃ ရက်တွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

စံချိန်စံညွှန်း

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ထားဝယ် လေယာဉ်ကွင်း မွမ်းမံ ပြုပြင်တည်ဆောက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်ဝစွာ တည်ဆောက်ရေး၊ ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ရေးအတွက် အလေးဂရုပြု တည်ဆောက်သွားရေးတို့ကို မှာကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ထားဝယ်မြို့နယ် ရောင်းမော်ကျေးရွာသို့ ရောက်ရှိကြပြီး အလှူရှင် သီရိသုဓမ္မမဏိဇောတရေ ဦးအောင်ဝင်းက ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိသည့် ကျောဘုရား(လှည်းကြောင်းတော) စေတီတော်အား ဘက်စုံပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုသဒ္ဓါပွားများကာ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ဘက်စုံပြုပြင်တည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ညောင်ရင်ကျေးရွာသို့ ရောက်ရှိကြပြီး အလှူရှင် သီရိသုဓမ္မမဏိဇောတရေ ဦးအောင်ဝင်းလှူဒါန်းသည့် ကျေးလက်နေ ပြည်သူများ သန့်ရှင်းသည့် သောက်သုံးရေရရှိရေးအတွက် တည်ဆောက်လျက်ရှိသော ရေချိုးကန် တည်ဆောက်နေမှုအခြေအနေကို လည်းကောင်း၊ ပန်းတောရပ်ကွက် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်တည်ဆောက်မှုလုပ်ငန်း အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ပန်းတောရပ်ကွက်ရေအားလျှပ်စစ်စက်ရုံမှာ သရက်ချောင်းမြို့ တောင်ဘက် တစ်မိုင်ခန့်အကွာ ထားဝယ်မြို့ ကားလမ်းရှိ ပန်းတောရပ်ကွက် အရှေ့ဘက် ပေါ်တော်မူဘုန်းကြီးကျောင်း၌ တည်ရှိပြီး TAYO အမျိုးအစား ၉၀ ကီလိုဝပ်ဒိုင်နမိုဖြင့် တစ်နှစ်လျှင် ရှစ်လခန့်ရေရှိမှုအခြေအနေပေါ် မူတည်ကာ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်သည်။

ထို့နောက် ဝန်ကြီးသည် ထားဝယ်မြို့ သမိုင်းဝင် ရှင်မုတ္ထီးစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ စေတီတော် ဘက်စုံအသုံးပြုနိုင်ရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ထားဝယ်မြို့ ဝဲကျွန်းရပ်ရှိ ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာမောင်နီ၏ စီးပွားဖြစ် ကြက်မွေးမြူရေးခြံသို့ရောက်ရှိပြီး မွေးမြူထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဇီဝလုံခြုံမှု ဂရုပြုဆောင်ရွက်ရန်နှင့် ရောဂါဘယကင်းရှင်းသော စားသောက်ကုန်များထုတ်လုပ်နိုင်ရေး မှာကြားသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဝန်ကြီးသည် ထားဝယ်မြို့ ကရင်ပြင်ရပ်ရှိ ရှင်ပင်ခရစေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုကာ စေတီတော်အတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

လွယ်အိတ်ကြီးသတင်းဆောင်းပါးဂျာနယ် အတွဲ(၁)၊ အမှတ်(၂၄)ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၂၅

လွယ်အိတ်ကြီး သတင်းဆောင်းပါးဂျာနယ်တွင် ဂျပန်ဘာသာ စကားပြောကျွမ်းကျင်မှု စာမေးပွဲ ကျင်းပမည်၊ မော်လမြိုင်ကျော်ကျော်မိသားစု စာပေတိုက် ပြန်လည်ဖွင့်လှစ်၊ အနုပညာ ကွန်ပျူတာ ဒီပလိုမာသင်တန်းဆင်း အောင်လက်မှတ်ချီးမြှင့်၊ ဧရာဝတီတိုင်းအတွင်း စည်ပင်သာယာ အရပ်ရပ် လိုင်စင်လေလံဆွဲသူများနှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ တွေ့ဆုံ၊ တပေကုလားတွင် မူလတန်းလွန်ကျောင်းဖွင့်ပြီ၊ ဧရာဝတီတိုင်းတွင် နှစ်စဉ် ငါး၊ ပုစွန်ထုတ်လုပ်မှု စံချိန်မြင့်တက်၊ Earthquake Engineering Course II ဖွင့်လှစ်မည်၊ သတင်းစာဆရာ၊ စာရေးဆရာ ချစ်စံဝင်း ဘာသာရပ်ဆိုင်ရာ ဟောပြောမည်၊ အရောင်းသွက်လာတဲ့ ခြင်ဆေးခွေ၊ အရှောင်ကောင်းပေမယ့် ခိုးထုတ်နဲ့ မိခဲ့တဲ့ ဖောက်ထွင်းသမားများ၊ မြန်မာ့အာမခံလုပ်ငန်း ပညာပေး စာအုပ်ထုတ်၊ မှုဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ငါးလိပ်ကျောက်အရေခွံများတင်ပို့၊ တာဝန်သိပြည်သူ သတင်းပေး၊ ရဲဘက်ပြေး ဖောက်ထွင်းတရားခံ ရက်ပိုင်းအတွင်း ဖမ်းမိစသည့် ပြည်တွင်းသတင်းများကဏ္ဍနှင့် ဆရာမောင်ဆုရှင်၏ ဆောင်းပါး၊ မြတ်ကလောင်၏ ဆောင်းပါး၊ ဆရာကြီး အီကြာကွေး၏ ဆောင်းပါး၊ ဆရာရဲမြင့်ဦး၏ ဆောင်းပါး၊ ဆရာ ဆောင်းဝင်းလတ်၏ ဆောင်းပါး၊ ဆရာ မောင်တည်ငြိမ်၏ ဆောင်းပါး၊ ဆရာ မောင်မောင်မျိုးမင်း၏ ဆောင်းပါး၊ သတင်းစာဆရာ၊ စာရေးဆရာ ချစ်စံဝင်း၏ မျက်နှာဖုံး ဆောင်းပါးနှင့် ဆရာ ကိုရွှေတောသား၏ ဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။

ထို့ပြင်လွယ်အိတ်ကြီး စာအုပ်စင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊နိုင်ငံတကာသတင်းပဒေသာကဏ္ဍနှင့်ပရိသတ်အကြိုက် အားကစားကဏ္ဍများလည်း ပါဝင်ဖော်ပြထားသည်။

ဆက်သွယ်ပေးပို့နိုင်

ဂျာနယ်သို့ သတင်းနှင့်ဆောင်းပါး၊ စာမူများပေးပို့လိုပါက တာဝန်ခံအယ်ဒီတာ အမှတ်(၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၅၅၄၁၉၆ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ **ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဂျိုလိုမြို့တွင် စက်တင်ဘာ ၂၄ ရက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ်အများအပြား မီးလောင်ကျွမ်းမှုခံရပြီး ကိုးဦးဒဏ်ရာရခဲ့ကြောင်း၊ မီးမှာ မတော်တဆဖြစ်ရပ်တစ်ခုမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်မီဒီယာများက ဖော်ပြသည်။**

❒ အမေရိကန်နိုင်ငံ ရူအမ်ကျွန်းပေါ်တွင် အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း စက်တင်ဘာ ၂၅ ရက်နံနက်က လေ့ကျင့်ပျံသန်းစဉ် အင်ဂျင်ချွတ်ယွင်းပြီးပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်ပါရှိသူ လေယာဉ်မှူး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အောက်ပုံ)**

❒ **အိန္ဒိယနိုင်ငံ ကိုလ်ကာတာမြို့တွင် စက်တင်ဘာ ၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပွားရာ လူ ၁၁ ဦးသေဆုံးခဲ့ကြောင်း၊ မြို့တွင်းလမ်းများ ရေလွှမ်းနေပြီး စာသင်ကျောင်းများ ပိတ်ထားရကြောင်း ပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။**

❒ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် စက်တင်ဘာ ၂၅ ရက်က သံမဏိစက်ရုံတစ်ရုံ၌ ဘွိုင်လာအိုးပေါက်ကွဲမှုဖြစ်ပွားရာ လူခြောက်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

❒ **အိန္ဒိယနိုင်ငံက လာမည့်သုံးနှစ်အတွင်း ဂြိုဟ်တုဖုန်းတပ်ဆင်အသုံးပြုမှုကို စတင်မည်ကြောင်း၊ ဂြိုဟ်တုဖုန်းတပ်ဆင်ခြင်းဖြင့် အာကာသရေးရာ အချက်အလက်သတင်းများ လျင်မြန်စွာ သိရှိနိုင်မည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးဂြိုဟ်တု အသစ်တစ်ခုကိုလည်း အာကာသသို့ လွှတ်တင်မည်ဖြစ်ကြောင်း အိန္ဒိယ မီဒီယာများက စက်တင်ဘာ ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။**

❒ ဩစတြေးလျနိုင်ငံသားတစ်ဦးက လွန်ခဲ့သည့် ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစတင်ကာ တရုတ်နိုင်ငံ မွန်ဂိုလီးယားဒေသမှ ဟန်ဂေရီနိုင်ငံသို့ မြင်းသုံးကောင်ဖြင့် မာရသွန်ခရီးနှင်ခဲ့ရာ ၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၃ ရက်က ပြန်ရောက်ရှိခဲ့ပြီး စုစုပေါင်း အချိန်သုံးနှစ်ခန့်ကြာမြင့်ခဲ့ကြောင်း စက်တင်ဘာ ၂၅ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

❒ **တရုတ် သုတေသနပညာရှင်များက တရုတ်နိုင်ငံ ဘိုမီစီရင်စုရှိ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၃၈၀၀ မြင့်သော တောင်ပေါ်တွင် စက်တင်ဘာ ၂၅ ရက်က တက်ရောက်ကြည့်ရှုလေ့လာခဲ့ရာ အရွယ်အစားမျိုးစုံရှိသော ရေခဲမြစ်အစုအဝေးတစ်ခုကို တွေ့ရှိခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❒ ဂျာမနီနိုင်ငံက ကမ္ဘာပေါ်တွင် ပထမဆုံးသော လျှပ်ပြေးသံလိုက်ရထားလမ်းသစ်များကို စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ လျှပ်ပြေးသံလိုက်ရထားလမ်းသစ်များသည် တစ်နာရီ မိုင် ၅၀၀ အထိ ခုတ်မောင်းနိုင်သော လျှပ်ပြေးသံလိုက်ရထားများ ဘေးကင်းစွာမောင်းနှင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်အမှတ် (၇၀) တက္ကသိုလ်ရိပ်သာ လမ်းရှိ အင်းလျား ဝေဠုဝန်ပရိယတ္တိစာသင်တိုက် အတွင်း ဆောက်လုပ်လျက်ရှိသောပင်မသုံးထပ်ကျောင်းဆောင်အတွက် ကမာရွတ်မြို့နယ် အင်းလျားလမ်းအမှတ်၉၄/၂ နေ ဒေါ်တင်ရီနှင့် သားသမီး၊မြေးတစ်စုတို့က ငွေကျပ်ငါးသိန်းကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟို အကျိုးတော်ဆောင်ချုပ် ဆရာတော်ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပေါ်စေရေး ကြက်မွေးမြူရေးခြံများ ကျန်းမာရေးနှင့်အညီ ဆောင်ရွက်ထား

ငါးမွေးမြူရေးကန်နှင့် ကြက်မွေးမြူရေးခြံများ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၅

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၈ ရက်က မော်လမြိုင်မြို့နယ် လှိုင်ရပ်ကွက်နှင့် ငန်းတေးကျေးရွာအကြား မြို့ပတ်လမ်းရှိ ဦးနုဒင်နှင့် ဦးမောင်မြင့်တို့၏ ငါးနှင့် ကြက် ပေါင်းစပ်မွေးမြူရေးခြံသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးအား မွန်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိုးမြင့်၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသက်ဦးနှင့် လုပ်ငန်းရှင်များက မြေ ၉ ဒသမ ၈ ဧကပေါ်၌ ငါးမွေးကန် လေးကန်ရှိပြီး မွေးကန် သုံးကန်တွင် နှစ်လက်မမှ လေးလက်မ အရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀၀ မွေးမြူထားမှု၊ ဖော်ထုတ်ရောင်းချရန် စီစဉ်ထားမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငါးမြစ်ချင်း ငါးများဖော်ထုတ်နေမှု၊ ငါးစား ပဲဖတ်၊ ဖွဲနု၊ ဆန်ကွဲများ ရောကျိုနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားညွှန်ကြားပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည်ငါးမွေးမြူရေးကန်ပေါင်ပေါ်၌ ဦးမောင်မြင့်၏ ကြက်ခြံတွင်မွေးသည့် နည်းစနစ်ဖြင့် (C. P) အသားတိုးကြက်မွေးမြူရေးစခန်းသို့ ရောက်ရှိရာ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းအား ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာထွန်းအောင်က မွန်ပြည်နယ်အတွင်း အသားတိုးကြက် မွေးမြူရေးစခန်းများတွင် ကြက်မွေးမြူရေး ဆောင်ရွက်မှုအခြေအနေများ၊ ကြက်ငှက်တုပ်ကွေး ရောဂါ မဖြစ်ပွားရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

ယင်းနောက် တိုင်းမှူးသည် (C. P) အသားတိုးကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကြက်ငှက်တုပ်ကွေးရောဂါများ မဖြစ်ပေါ်စေရေးနှင့် ကြက်မွေးမြူရေးခြံများတွင် ကျန်းမာရေးနှင့်အညီ ဆောင်ရွက်ထားရှိရေး၊ လတ်ဆတ်သောအသားတိုးကြက်များကိုသာ ဈေးကွက်တွင် ရောင်းချသွားနိုင်ရေးတို့ကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၆၈)**

ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင် အောင်ချမ်းသာအိမ်ရာတိုက် ၃ အခန်း ၁၁၅ နေ ဒေါ်ငွေစိန်နှင့်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ(ကိုယ်စား)သူနာပြုအုပ် ဒေါ်မြင့်မေ လက်ခံယူစဉ်။ (က-ပ)

မူးယစ်ကင်းစင် အလှဆင်

(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားစေရန်။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်။

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်။

(၄) လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်။

(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

အရည်အသွေးကောင်း ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ် ပြည်ပသွင်းကုန်အစားထိုးပစ္စည်းအဖြစ် တီထွင်လုပ်ကိုင်

နေပြည်တော် စက်တင်ဘာ ၂၅

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့နံနက်ပိုင်းက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်း (C-1)စက်မှုဇုန်(၁)ရှိ Jewellery Luck Co, Ltd. သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်ခန်းမ၌ သစ်အချောထည်စက်ရုံ ဒါရိုက်တာ ဦးအေးထွန်းရွှေနှင့် ဒါရိုက်တာအဖွဲ့များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒါရိုက်တာဦးအေးထွန်းရွှေက သစ်အချောထည်စက်ရုံ၏ စက်ပစ္စည်းများ အခြေအနေ၊ သစ်ပါးလွှာနှင့်အထပ်သားထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် ကုန်ကြမ်းရရှိမှု အခြေအနေများကိုလည်းကောင်း၊ ကုန်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းလိုအပ်ချက်နှင့် အဆင့်မြင့်နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း သစ်ပါးလွှာနှင့် အထပ်သားထုတ်လုပ်နိုင်မှုနှင့် စက်ရုံမှထွက်ရှိလာသော သစ်မှုန့်သစ်စများ ဖြင့် Wood Gas ထုတ်လုပ်ပြီး အင်ဂျင်စက်များ မောင်းနှင်၍ လျှပ်စစ် ဓာတ်အားထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများအဖြစ် တိုးတက်ထုတ်လုပ်ကြရန်နှင့် Wood Gas ဖြင့် အင်ဂျင်လည်ပတ်၍ လျှပ်စစ်ထုတ်စက်အား စက်မှုဇုန်များရှိ အခြားစက်မှုလုပ်ငန်းများတွင် ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်ရန် ပြည်ပသွင်းကုန် အစားထိုးပစ္စည်းအဖြစ် တိုးတက်တီထွင် ထုတ်လုပ်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် သစ်အချောထည်စက်ရုံအတွင်း သစ်လွှာစက် ၊ကုန်ကြမ်းသစ်လုံးများ အခြေအနေကိုလည်းကောင်း၊ ဖြတ်တောက်ပြီး သစ်ပါးလွှာများနှင့် ကော်ကပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ အပူဖိစက်မှ ထွက်လာသော အထပ်သားများအား ပွတ်ပြင်မွမ်းမံခြင်းနှင့် ထိပ်ဖြတ်ခြင်းလုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း၊ နိုင်ငံခြားသို့ တင်ပို့မည့် သစ်ပါးလွှာ ကုန်ချောများနှင့်ပြည်တွင်းရောင်း အထပ်သားများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြသကြသည်။

ထို့နောက် သစ်မှုန့်၊ သစ်သားစများဖြင့် Wood Gas ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့်မှ မီးပေါင်းဖိုခြင်း၊ ရေဖျန်းသန့်စင်ခြင်း၊ ကတ္တရာစေးသန့်စင်ပြီး Wood Gas ထုတ်လုပ်ခြင်းကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး ကော်မတီဥက္ကဋ္ဌ ဝန်ကြီးက မီးဘေးကြိုတင်ကာကွယ်ရေးအစီအမံများကို အလေးထားဂရုပြု ဆောင်ရွက်ကြရန် မှာကြားသည်။ အဆိုပါစက်ရုံမှ ရနာရီတစ်ဆိုင်းလျှင် ကုန်ကြမ်း သစ်လုံး ၇၅တန်ထုတ်လုပ်နိုင်ပြီး အော်တိုဖော်မီကာ အထပ်သားများလည်း ထုတ်လုပ်ရောင်းချလျက်ရှိသည်။

လိုအပ်ချက်များမှာကြား

ထိုမှတစ်ဆင့် နံနက်၁၁နာရီ ၁၅ မိနစ်တွင် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စံပြစက်မှုဇုန်(၁) ယောမင်းကြီးလမ်း G-3(A) ရှိ စီဝိုင်တီစက်မှု ထုတ်ကုန်လီမိတက်၊ ပျံလွှားချည်မျှင်စက်ရုံသို့ရောက်ရှိပြီး စက်ရုံတွင်းရှိ ဝါဖန်ခြင်းလုပ်ငန်း၊ ဝါလိပ်စက်၊ ဗိုင်းတောင့်စက်၊ ချည်ငင်စက်၊ ချည်ကတော့စက်၊ ချားစက်၊ အပင်ပေါင်းစက်များ၏ ကုန်ထုတ်လုပ်ငန်း အဆင့်ဆင့်ကို ကုန်ထုတ်လိုင်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးရာ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းနိုင် လိုက်လံရှင်းလင်းပြသရာ ဝန်ကြီးက လုပ်ငန်း လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆူနာမီရယ်၊ မက်တဲလ်ရယ်၊ မိုးလုံးပြည့် မုသာဝါဒတွေရယ်

ဦးဆော

ယနေ့ ၂၁ရာစုကို သတင်းခေတ်၊ မီဒီယာခေတ်ရယ်လို့ ကမ္ဘာ့လူသားအားလုံးက အသိအမှတ်ပြုထားကြပါတယ်။ မီဒီယာဆိုရာမှာ စာနယ်ဇင်း၊ ရေဒီယို၊ရုပ်မြင်သံကြား၊ အင်တာနက်ဝက်ဘ်ဆိုက် အစရှိတာတွေအားလုံး သိမ်းကျုံးပါဝင်ပါတယ်။ အဆင့်မြင့်နည်းပညာတွေ တစ်ဟုန်ထိုး တိုးတက်လာတာကြောင့် စက္ကန့်ပိုင်းအတွင်းမှာ အခုဖော်ပြခဲ့တဲ့ မီဒီယာကိစ္စတွေအားလုံးကို ကမ္ဘာအရပ်ရပ်က ကြားသိတွေ့မြင်လာနိုင်ခဲ့တာကြောင့် မျက်မှောက်ခေတ်ကို မီဒီယာခေတ်ရယ်လို့ တင်စားခေါ်ဝေါ်ခဲ့ကြတာလို့ ဆိုပါတယ်။ အနောက်နိုင်ငံတွေမှာ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် မီဒီယာတွေကို အားကိုးပါ၊ လွတ်လပ်ခွင့်ပေးပါလို့ ဆိုကြပါသတဲ့။ မီဒီယာတွေရဲ့ လွတ်လပ်မှုဟာ နိုင်ငံတစ်နိုင်ငံရဲ့ ဒီမိုကရေစီဆိုင်ရာ ကျင့်စဉ်လုပ်ထုံးလုပ်နည်းတွေကို အထူးအားပေးမြှင့်တင်ပေးရာရောက်ပါသတဲ့။ ဒါကြောင့် ၂၁ရာစုမှာ ဒီမိုကရေစီစနစ်နဲ့ လုပ်ငန်းစဉ်ကို ဖော်ဆောင်မယ်ဆိုရင် အထက်ကဖော်ပြခဲ့တဲ့ မီဒီယာတွေကို တင်းပြည့်ကျပ်ပြည့် လွတ်လပ်ခွင့်ပေးရမှာ ဖြစ်ပါသတဲ့။ သို့သော်လဲပဲ တင်းပြည့်ကျပ်ပြည့် စည်းမရှိ၊ စနစ်မရှိ ကျင့်ဝတ်မရှိတဲ့ မီဒီယာတွေဟာ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေကို အမှန်တကယ်အထောက်အကူပြုပေးရာရောက်ပါ့မလား။ **သတင်းဦး၊ သတင်းထူးရင်ပြီးရော အခြေအမြစ်မခိုင်လုံတဲ့ သံသယဖြစ်ဖွယ်၊ အငြင်းပွားဖွယ်ရေးသားချက်တွေ၊ တစ်ဆိတ်ကိုတစ်အိတ်လုပ်တဲ့ သတင်းဖွရေးသားချက်တွေ၊ နှုတ်ကြောင်းပေးတဲ့ ကောလာဟလဖော်ပြချက်တွေကိုသာ ရေးသားဖော်ပြ ထုတ်လွှင့်နိုင်တဲ့၊ ထုတ်လွှင့်တတ်တဲ့ မီဒီယာတွေကိုမှ လွတ်လပ်မှုရှိတယ်၊ ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် အထောက်အကူပြုတယ်လို့ ယုံကြည်ရမှာလား။ တကယ်တော့ ပြည်သူတွေအတွက်ဆိုတာကို ဗန်းပြပြီးအခြေအမြစ်မရှိ၊ အကျင့်သိက္ခာမရှိ ရေးသားဖော်ပြထုတ်လွှင့်နေကြတဲ့ မီဒီယာတွေကြောင့် မဖော်ပြလောက်နိုင်သော ပျက်စီးဆုံးရှုံးမှုတွေကို တွေ့ကြုံနေရတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက အချို့သောပြည်သူပြည်သားများရဲ့ အဖြစ်တွေဟာ ရင်နင့်ဖွယ်၊ တရားသံဝေဂရ ဖွယ်တွေသာလျှင် ဖြစ်ပါတော့တယ်။** ဒါတွေကို ထင်ရှားတဲ့ သာဓကတွေနဲ့ ဆက်လက်ဖော်ပြသွားလိုပါတယ်။

၂၀၀၄ ခုနှစ် ဆူနာမီ

အချိန်ကာလအားဖြင့် သုံးနှစ်နီးပါး ကြာညောင်းခဲ့ပြီဖြစ်ပေမယ့် ဆူနာမီဆိုတဲ့ အသံကြားတာနဲ့ ၂၀၀၄ခုနှစ်က အင်ဒိုနီးရှား၊ စူမားတြားကျွန်းဆွယ်အနီးကနေ စတင်ခဲ့တဲ့ ငလျင်ကြီးနဲ့ ရေလွှမ်းမိုးမှုကို မှတ်မိသိရှိကြရမှာဖြစ်ပါတယ်။ ရစ်ချ်တာစကေး ၉ဒသမဝရှိ ငလျင်ကြီးနဲ့ ဆက်စပ်ဖြစ်ပေါ်လာတဲ့ ဆူနာမီလှိုင်းတွေကြောင့် အိန္ဒိယသမုဒ္ဒရာ အနားသတ်နိုင်ငံတွေက ကမ်းခြေမြို့ရွာ၊ လူနေအဆောက်အအုံတွေ ပျက်စီးခဲ့ရပါတယ်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ ငလျင်နဲ့ ဆူနာမီလှိုင်းကြောင့် အိန္ဒိယ၊ သီရိလင်္ကာနဲ့ အင်ဒိုနီးရှားတို့မှာ လူပေါင်းနှစ်သိန်းကျော်ခန့် သေဆုံးခဲ့ရပြီး ခြောက်သိန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာတော့ ရေလှိုင်းကို ကြံ့ကြံ့ခံနိုင်တဲ့ ဒီရေတောတွေ၊ လူမနေတဲ့ ကျွန်းတွေနဲ့ သန္တာကျောက်တန်းတွေရဲ့ အကာအကွယ်ပေးမှုကြောင့် လူ ၆၁ဦး သေဆုံးပြီး ၄၂ ဦး ဒဏ်ရာရကာ လူပေါင်း ၂၅၉၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း အစိုးရက တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒါက ပြဿနာရဲ့အစပါပဲ။ မြန်မာနိုင်ငံက ပြည်သူတစ်ဦးရဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးတစ်ခုပါ။ ဒဂုံမြို့နယ်(မြောက်ပိုင်း)(၄၆)ရပ်ကွက်မှာနေတဲ့ ဖွားဖွားသီတို့ သားအမိဆိုရင် ပတ်ဝန်းကျင်နဲ့ ရပ်ကွက်တစ်ခုလုံးမှာ လူချစ်လူခင်ပေါပါတယ်။ အဖွားသီဟာ ယောကျ်ားကွယ်လွန်ပြီး မုဆိုးမဘဝနဲ့ တစ်ဦးတည်းသော သားလေးကို လူမမည်အရွယ်ကစပြီး ရှန်းကန်ကျွေးမွေး မြေတောင်မြှောက်ပေးခဲ့သူဖြစ်ပါတယ်။ ယခင်ကတည်းက စီးပွားလက်ငုတ်လက်ရင်းလဲ ရှိပြီးဖြစ်သမို့ ရပ်ကွက် သာရေးနာရေးမှာလဲ လက်မနှေးတဲ့ ဖွားဖွားသီဖြစ်ပါတယ်။ တစ်ဦးတည်းသော သားလေး ကျောင်းတက် ဘွဲ့ရပြီးတဲ့အချိန်မှာ လုပ်ငန်းခွင်ဝင်ဖို့ အလုပ်လျှောက်တော့ ရေလုပ်ငန်းတစ်ခုမှာ တာဝန်ခံတစ်ဦးအနေနဲ့ အလုပ်ရခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မြိတ်နဲ့ ကော့သောင်ဘက်မှာ ရေထွက်ပစ္စည်းတွေ သယ်ယူတင်ပို့တဲ့ လုပ်ငန်းခွင်ကို သွားရောက်ထမ်းဆောင်ဖို့ အကြောင်းဖန်လာခဲ့ပါတယ်။ ဖွားဖွားသီဟာ သားအမိနှစ်ယောက်တည်းဆိုပေမယ့် သားကို ဘဝအတွေ့အကြုံနဲ့ ရင့်ကျက်စေလိုတာကြောင့် တစ်နယ်တစ်ကျေးကို သွားရောက်ခွင့်ပြုခဲ့ပါတယ်။ ဖွားဖွားသီကိုယ်တိုင်ကတော့ အိမ်နီးချင်းအိမ်က (၁၃)လေးနှစ်အရွယ် မြေးငယ်လေးတစ်ယောက် အဖော်ပြုပြီး နေထိုင်ခဲ့ပါတယ်။ တစ်ဦးတည်းသောသားငယ်လေးကလဲ မြိတ်နဲ့ကော့သောင် ရောက်ရာအရပ်ကနေ တစ်ပတ်တစ်ကြိမ် အမေထံ အဆက်အသွယ်ပြုပြီး လခြားတစ်ခါလောက် ပြန်ပြန်ရောက်လာတတ်ပါသတဲ့။ အဲဒီအချိန်မှာပဲ ဆူနာမီပြဿနာက စခဲ့တာဖြစ်ပါတယ်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၆ရက်နေ့ ဆူနာမီ ဖြစ်ပေါ်ပြီး အစိုးရအနေနဲ့ မြန်မာ့ကမ်းရိုးတန်းမှာ ထိခိုက်အနာတရ စာရင်းတွေကို တိတိကျကျ ဖော်ပြပေးခဲ့ပါတယ်။ ဒီလိုဖော်ပြခဲ့လို့ ဖွားဖွားသီအနေနဲ့လဲ သူ့ရဲ့တစ်ဦးတည်းသော သားငယ်အတွက် စိတ်သောကအေးနေခဲ့ပါတယ်။ ဒါပေမယ့် သုံးလေးရက်အကြာမှာတော့ ဘီဘီစီ၊ ဗွီအိုအေ၊ RFA၊ ဒီဗွီဘီဆိုတဲ့ အနောက်မီဒီယာတွေက ထုတ်လွှင့်လာတဲ့ သတင်းတွေက အဖွားသီကို သောကဝေစေခဲ့ပါတော့တယ်။ အိန္ဒိယ သမုဒ္ဒရာအတွင်း နိုင်ငံသုံးနိုင်မှာ ဆူနာမီကြောင့် သေဆုံးခဲ့သူနှစ်သိန်းကျော်ရှိကြောင်း၊ လူသားကမ္ဘာအတွက် အထူးဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းအရှည် မိုင်ထောင်ချီရှိတဲ့ မြန်မာ့ကမ်းရိုးတန်းဟာလဲ ဆူနာမီဒဏ်ကို မဖြစ်မနေခံရမှာဖြစ်ကြောင်း၊ အစိုးရက ထုတ်ပြန်သော အသေအပျောက်စာရင်းဟာ အမှန်ကို လိမ်ညာဖုံးကွယ်ထုတ်ပြန်ခြင်းသာဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ မလုပ်နိုင်လို့ သတင်းအမှန်ကို ဖုံးကွယ်ထားတာဖြစ်ကြောင်း၊ ကမ်းရိုးတန်းမှာ လူ့အသေအပျောက် အမြောက်အမြားရှိလိမ့်မှာဖြစ်ကြောင်း စတဲ့ သတင်းတွေကြောင့် ဖွားဖွားသီ တစ်ယောက် မအိပ်နိုင်၊ မစားနိုင်ဖြစ်ရာက နှလုံးရောဂါအခံပါ ဖြစ်လာပါတော့တယ်။ အဲဒီနောက် ရပ်ရွာက ဝိုင်းဝန်းကူညီပြီး ဗဟိုစည်ဆေးခန်းကို တင်ဆောင်ကုသပေးခဲ့ကြပါတယ်။ ကံမကောင်းချင်တော့ အဲဒီရက်ပိုင်းတွေ အတွင်းမှာ သားငယ်ဆီကလဲ အဆက်အသွယ်မရတာ နှစ်ပတ်လောက်တောင်ကြာမြင့်သွားလို့ ဖွားဖွားသီအတွက် စိုးရိမ်စရာ အတော်ဖြစ်ခဲ့ပါတယ်။ သို့သော်လဲ ရပ်ကွက်ထဲက အသိမိတ်ဆွေတချို့ရဲ့ ဖေးမကူညီမှုကြောင့် သက်ဆိုင်ရာ ရေလုပ်ငန်းကုမ္ပဏီကတစ်ဆင့် ဆက်သွယ်မေးမြန်းခဲ့ရာမှာ သားငယ်အနေနဲ့ နေကောင်းကျန်းမာစွာရှိကြောင်း သတင်းရပြီး ရက် ၂၀ ကျော်အချိန်လောက်မှာတော့ ရန်ကုန်ကို လူကိုယ်တိုင်ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ နောက်ဆုံးတော့ အဖွားသီလဲ ကျန်းမာရေးပြန်ကောင်းလာပြီး သားအမိ ပျော်ပျော်ရွှင်ရွှင် ဘဝပြန်ရောက်ခဲ့ပါတယ်။ ဒါပေမယ့် **သတိချပ်မိရမှာက အခြေအမြစ်မရှိတဲ့ ကောလာဟလ သတင်းဆိုးတွေကြောင့် ကျန်းမာရေးယိုယွင်းပြီး သားအမိနှစ်ဦးအကြား တွေ့ကြုံခဲ့ရတဲ့ ခံစားမှုသောကတွေ၊ ကုန်ကျခဲ့တဲ့ ကျန်းမာရေးစရိတ်နဲ့ လူနေမှုစရိတ်တွေအတွက် ဘယ်သူ့မှာ တာဝန်ရှိလဲ၊ အဲဒီကာလအတွင်းတုန်းက မြန်မာနိုင်ငံပြည်သူတွေ စိတ်ပူပင်သောကရောက်ရင်ပြီးရောဆိုပြီး ကောလာဟလတွေ၊ မိုးလုံးပြည့် မုသာဝါဒတွေ ထုတ်လွှင့်ခဲ့တဲ့ အနောက်မီဒီယာတွေ အဲဒီမီဒီယာတွေက ပြောသမျှကို လူတွေအလန့်တကြားဖြစ်အောင် တီးတိုးဖြန့်ချိခဲ့တဲ့ ပုဆိန်ရိုးတွေကြောင့် ဖွားဖွားသီလို စိတ်ဒုက္ခရောက် ခဲ့ရသူတွေ အများကြီးရှိခဲ့ပါတယ်။**

၂၀၀၇ ခုနှစ် မက်တဲလ်

မက်တဲလ်ဆိုတာကတော့ အမေရိကန်နိုင်ငံက ကလေးကစားစရာအရုပ်လုပ်တဲ့ ကုမ္ပဏီကြီးတစ်ခုဖြစ်ပါတယ်။ အဲဒီ ကုမ္ပဏီကြီးအနေနဲ့ ကလေးကစားစရာအရုပ် သန်းပေါင်းများစွာကို တရုတ်နိုင်ငံရှိ စက်ရုံများကတစ်ဆင့် မှာယူတင်သွင်း ဖြန့်ဖြူးပေးတယ်လို့ဆိုပါတယ်။ တရုတ်နိုင်ငံမှာ ကလေးအရုပ်ထုတ်လုပ်တဲ့ စက်ရုံပေါင်းတစ်သောင်းကျော် ရှိပြီး ကမ္ဘာ့ကလေးကစားစရာ အရုပ်အားလုံးရဲ့ ၈၀ ရာခိုင်နှုန်းကို အဲဒီစက်ရုံတွေကနေ ထုတ်လုပ်နေတယ်လို့ သိရပါတယ်။ ၂၀၀၇ခုနှစ်၊ ဩဂုတ်လအတွင်းမှာတော့ တရုတ်နိုင်ငံမှာရှိတဲ့ အရုပ်ထုတ်လုပ်တဲ့စက်ရုံတွေအတွက် ကြမ္မာဆိုးတစ်ခု ဝင်ရောက်လာခဲ့ပါတယ်။ အဲဒါကတော့ တရုတ်နိုင်ငံ အရုပ်စက်ရုံတွေက အမေရိကန်နိုင်ငံ ဆိုင်တွေအတွက် တင်သွင်းလာတဲ့ ကလေးကစားစရာအရုပ် သန်း ၂၀ကျော်ထဲက တစ်သန်းခန့်ကို ပြန်လည်သိမ်းဆည်းဖို့ ကိစ္စပါပဲ။ တရုတ်နိုင်ငံထုတ် ကလေးကစားစရာ အရုပ်တွေဟာ အဆိပ်ဖြစ်စေတဲ့ ခဲပါသောသုတ်ဆေးတွေကို သုတ်ထားတဲ့အတွက်ကြောင့် ပြန်လည်အပ်နှံဖို့ တောင်းဆိုရခြင်းဖြစ်ကြောင်း မက်တဲလ်ကုမ္ပဏီက ကြေညာခဲ့ပါတယ်။ အဲဒီတစ်သန်းခန့်ကို အဓိက ထုတ်လုပ်ခဲ့တဲ့ တရုတ်နိုင်ငံက ကုမ္ပဏီအမည်ကတော့ Lee Der Toy Co., Ltd. ဖြစ်ပါတယ်။ ဒီသတင်းကို တိကျခိုင်လုံတဲ့ အခြေအမြစ်မရှိသေးဘဲ အနောက်မီဒီယာတွေက အကြီးအကျယ် ရေးသားဖော်ပြခဲ့ကြပါတယ်။ အဲဒီအချိန်က တရုတ်နိုင်ငံမှ တင်သွင်းသော ကုန်ပစ္စည်းအချို့ထဲက စားသောက်ကုန်နဲ့ သွားတိုက်ဆေးတွေကိုလဲ အန္တရာယ်ရှိနိုင်ကြောင်း ဟိုးလေးတကျော်ကျော် ဖော်ပြနေတဲ့ အချိန်ဖြစ်လို့ ဒီကလေးကစားစရာအရုပ် သတင်းဟာလဲ တစ်ကမ္ဘာလုံးကို အချိန်စက္ကန့်ပိုင်းအတွင်းမှာ ပျံ့နှံ့သွားခဲ့ပါတော့တယ်။ ဒီလိုအခြေအနေတွေကြောင့် Lee Der အရုပ်ကုမ္ပဏီရဲ့ တွဲဖက်ပိုင်ရှင်တစ်ဦးဖြစ်သူ Zhang Shu Heng ဟာ ၎င်းရဲ့စက်ရုံတစ်ခုအတွင်း မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ အဲဒီစက်ရုံမှာရှိတဲ့ အလုပ်သမား ၅၀၀၀ခန့်ဟာလဲ အလုပ်လက်မဲ့တွေ ဖြစ်သွားခဲ့ရပါတယ်။ စက်ရုံအလုပ်သမားတစ်ဦးဖြစ်သူ Liao Binling ဆိုသူက "အရုပ်တွေ ထုတ်လုပ်နေတဲ့အချိန်မှာ သုတ်ဆေးထဲမှာ ဘာတွေပါလဲဆိုတာကို ကျွန်တော်တို့မသိပါဘူး။ သတင်းစာတွေမှာ ဖော်ပြထားတာကို တွေ့ရမှပဲ ကျွန်တော်တို့ အကြီးအကျယ် အံ့အားသင့် တုန်လှုပ်ခဲ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် သူဌေးရဲ့အသုဘ မပြီးခင်အချိန်အထိ စက်ရုံမှာ ကျွန်တော်တို့ရှိနေပါဦးမယ်။ ပြီးရင်တော့ အလုပ်သစ်တစ်ခု ရှာရတော့မှာပေါ့"လို့ဆိုခဲ့ပါတယ်။ အဲဒီစက်ရုံမှာရှိတဲ့ အလုပ်သမားတွေဟာ တရုတ်နိုင်ငံရဲ့ အဆင်းရဲဆုံးပြည်နယ်တွေက ရွှေ… ဖြစ်ကြပါတယ်။ အဲဒါတွေဖြစ်ပြီး နှစ်ပတ်ခန့်… အမှန် ပေါ်ထွက်လာပါတယ်။ အဲဒါက မက်တ… ပြည်သူလူထုနဲ့ သူ့အရုပ်တွေကို ဝယ်ယူအား… တောင်းပန်တဲ့သတင်း ဖြစ်ပါတယ်။ တကယ်… သိမ်းဆည်းခဲ့တာဟာ သုတ်ဆေးမှာပါတဲ့ အဆ… ကိစ္စကြောင့်မဟုတ်ဘဲ ဒီဇိုင်းမှားယွင်းမှုတစ်ခု… ခဲ့ရတာဖြစ်ကြောင်းကို ခံဝန်မှုပြုပါသတဲ့။ ဒီအ… စရာထုတ်လုပ်တဲ့ စက်ရုံတွေမှာ ပြဿနာမရှိကြေ… အနေနဲ့ ဒီအဖြစ်အပျက်က အတွေ့အကြုံအ… ရယူသွားနိုင်မယ်လို့ မျှော်လင့်ကြောင်း ထု… ဒီအဖြစ်အပျက်မှာ မီဒီယာတွေအနေနဲ့ သတင်းဦ… ခိုင်လုံမှု ရှိ၊ မရှိ မစိစစ်တော့ဘဲ ထုတ်ပြန်ခဲ့… အမေရိကန်နိုင်ငံနဲ့ ကုန်သွယ်ရေးမှာ တရုတ်… ရပ်သွားအောင်၊ ကမ္ဘာပေါ်မှာ တရုတ်ကုန်… နေတာကို နာမည်ပျက်အောင် အနောက်အုပ်စု… လုပ်ခဲ့တာလဲပါပါတယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီ မီ… ဆုံးရှုံးရတဲ့ သူနဲ့သူ့မိသားစုတွေ အလုပ်လက်… များရဲ့မိသားစုတွေ ထိခိုက်နာကျင် ကြေကွဲ… အဲဒါကို သတင်းလွတ်လပ်ခွင့်လို့ ဆိုနိုင်သလာ…

မိုးလုံးပြည့်မုသာဝါဒများ

ဒီတော့ **မှန်တာ၊ မှားတာ၊ ခိုင်လုံတာ… သတင်းဆိုရင်ပြီးရောဆိုတဲ့ တလွဲဆံပင်ကော… မီဒီယာတွေရယ်၊ စက္ကန့်မခြား အချိန်ပိုင်းအ… စာလုံးတွေကို တွေ့မြင်ဖတ်ရှုနိုင်တဲ့ အဆင့်… ဖြန့်ချိတဲ့ပစ္စည်းတွေဟာ ၂၁ရာစု ကမ္ဘာအတွ… ဖွယ်ရာ ဖြစ်လာနေပါတယ်။ အနောက်နိုင်ငံ… မီဒီယာတွေနဲ့ ဒီမိုကရေစီလုပ်ငန်းစဉ်ကို ဖွံ့ဖြိ… တယ်ဆိုတဲ့ အယူအဆဟာ တတိယကမ္ဘာက… အကျိုးထက် အပြစ်တွေခံစားရရှိနေစေဦးမှာဖြစ်… မီဒီယာလွတ်လပ်ခွင့်၊ ဒီမိုကရေစီစနစ် ထွန်း… အနောက်တိုင်းယဉ်ကျေးမှု ပျံ့နှံ့ပေါက်ဖွားစေ… ပေါ်မှာရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီးဆောင်… ကမ္ဘာက ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးအတွက် အထူ… ဖြစ်လာနေပြီဖြစ်ပါတယ်။ နိုင်ငံငယ်လေးများအ… ပြည်ရေးပြည်ရာကိစ္စလေးတွေကို ပြည်တွင်းမှ… တစ်ဦး သံသယရှိလာအောင် နိုင်ငံတကာမှာ… တွေနဲ့ပြည့်နှက်ကျော်ကြားလာအောင် တစ်ဆိတ်… ဖော်ပြနေတဲ့ အနောက်မီဒီယာတွေကြောင့် တက… စာနယ်ဇင်းကျင့်ဝတ်တွေ၊ မီဒီယာကျင့်ဝတ်တွေ… တွေက အော့နှလုံးနာစရာ ဖြစ်လာကြပြီဖြစ်ပါ…** ကမ္ဘာ့မီဒီယာကဏ္ဍအတွက် အထူးစိုးရိမ်ဖွယ်… အဖြစ် ရောက်ရှိလာနေပြီဖြစ်ပါတယ်။ လောဝေ… တကယ်ဖြစ်နေ၊ မဖြစ်နေ၊ရှိနေမရှိနေကို ပြည်တွ… အချို့နဲ့ သာဓကပြု ဖော်ပြလိုပါတယ်။ ယ… ၂၀၀၇ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့က အစိုးရ… မြှင့်တင်လိုက်မှုအပေါ် အခြေခံပြီး ဆူပူလှုံ့ဆေ… ဖြစ်ပေါ်လျက်ရှိပါတယ်။ ကမ္ဘာ့အနှံ့နိုင်ငံတွေ… ဈေးကွက်နဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေ လုပ်… စီးပွားရေးစနစ်ကို ကျင့်သုံးနေတဲ့ မြန်မာနိုင်… တင်သွင်းထုတ်လုပ်မှုကို နိုင်ငံတော်က မချုပ်ကို… များလက်သို့ ထိုးအပ်ပေးလိုက်ရင် ယခု… ဈေးနှုန်းထက် ဘယ်နည်းနဲ့မဆိုပိုမိုကြီးမြင့်ဖို့… နိုင်ငံတော်အစိုးရဟာ ပြည်သူလူထုအတွက် အ… ဆိုတဲ့ တာဝန်ယူချင်စိတ်အပြည့်နဲ့ ဆောင်ရွက်… တကယ် နိုင်ငံတကာမှာ မြင့်တက်နေတဲ့ စက်သုံ… အထိ မရောက်ရှိစေဘဲ သင့်တင့်သလောက်… ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ဒီကိစ္စဟာ ယ… သဘောပေါက် သိမြင်ပြီးကိစ္စလဲ ဖြစ်ပါတ… သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်း… နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာဖို့အတွက် လ… ဖော်ဆောင်ပေးလျက်ရှိရာမှာ နိုင်ငံတော်ဖွဲ့စည်… အခြေခံရမယ့်အချက်တွေကို အောင်မြင်စွာဆွေ… အဆင့် အမျိုးသားညီလာခံကြီးလဲ ပြီးစီးခဲ့ပြီဖြစ်… တစ်ဆင့်ချင်း အကောင်အထည်ဖော်ဖို့ လုပ်ဆေ… ဒီလိုအချိန်မှာ **စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုကို…**

> **သတင်းဦး၊ သတင်းထူးရင်ပြီးရော အခြေအမြစ် မခိုင်လုံတဲ့ သံသယဖြစ်ဖွယ်၊ အငြင်းပွားဖွယ်ရေးသားချက်တွေ၊ တစ်ဆိတ်ကိုတစ်အိတ်လုပ်တဲ့ သတင်းဖွ ရေးသားချက်တွေ၊ နှုတ်ကြောင်းပေးတဲ့ ကောလာဟလဖော်ပြချက်တွေကိုသာ ရေးသားဖော်ပြ ထုတ်လွှင့်နိုင်တဲ့၊ ထုတ်လွှင့်တတ်တဲ့ မီဒီယာတွေကိုမှ လွတ်လပ်မှုရှိတယ်၊ ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် အထောက်အကူပြုတယ်လို့ ယုံကြည်ရမှာလား။ တကယ်တော့ ပြည်သူတွေအတွက်ဆိုတာကို ဗန်းပြပြီး အခြေအမြစ်မရှိ၊ အကျင့်သိက္ခာမရှိ ရေးသားဖော်ပြထုတ်လွှင့်နေကြတဲ့ မီဒီယာတွေကြောင့် မဖော်ပြလောက်နိုင်သော ပျက်စီးဆုံးရှုံးမှုတွေကို တွေ့ကြုံနေရတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက အချို့သော ပြည်သူပြည်သားများရဲ့အဖြစ်တွေဟာ ရင်နင့်ဖွယ်၊ တရားသံဝေဂရဖွယ်တွေသာလျှင်ဖြစ်၏။**

...တွေရယ်

ဦးဆွေ(ဗဟာန်း)

နိုင်ငံရဲ့ အဆင်းရဲဆုံးပြည်နယ်တွေက ရွှေ့ပြောင်းလုပ်သားတွေသာ ဖြစ်ကြပါတယ်။ အဲဒါတွေဖြစ်ပြီး နှစ်ပတ်ခန့်အကြာမှာတော့ ဇာတ်လမ်းအမှန် ပေါ်ထွက်လာပါတယ်။ အဲဒါက မက်တဲလ်ကုမ္ပဏီကြီးက တရုတ်ပြည်သူလူထုနဲ့ သူ့အရုပ်တွေကို ဝယ်ယူအားပေးကြတဲ့ ပုဂ္ဂိုလ်အားလုံးကို တောင်းပန်တဲ့သတင်း ဖြစ်ပါတယ်။ တကယ်တော့ အရုပ်တွေကို ပြန်လည်သိမ်းဆည်းခဲ့တာဟာ သုတ်ဆေးမှာပါတဲ့ အဆိပ်အတောက် ဖြစ်စေသောကိစ္စကြောင့်မဟုတ်ဘဲ ဒီဇိုင်းမှားယွင်းမှုတစ်ခုကြောင့် ပြန်လည်သိမ်းဆည်းခဲ့ရတာဖြစ်ကြောင်းကို ခံဝန်မှုပြုပါသတဲ့။ ဒီအတွက် တရုတ်နိုင်ငံ ကစားစရာထုတ်လုပ်တဲ့ စက်ရုံတွေမှာ ပြဿနာမရှိကြောင်း၊ မက်တဲလ်ကုမ္ပဏီကြီးအနေနဲ့ ဒီအဖြစ်အပျက်က အတွေ့အကြုံအပေါ် အခြေခံပြီး သင်ခန်းစာရယူသွားနိုင်မယ်လို့ မျှော်လင့်ကြောင်း ထုတ်ပြန်ခဲ့ခြင်းပဲဖြစ်ပါတယ်။

ဒီအဖြစ်အပျက်မှာ မီဒီယာတွေအနေနဲ့ သတင်းဦး၊ သတင်းထူးဆိုရင်ပြီးရော ခိုင်လုံမှု ရှိ၊ မရှိ မစိစစ်တော့ဘဲ ထုတ်ပြန်ခဲ့ကြတဲ့ မီဒီယာတွေရှိသလို အမေရိကန်နိုင်ငံနဲ့ ကုန်သွယ်ရေးမှာ တရုတ်ဘက်က ပိုငွေပြနေတာကို ရပ်သွားအောင်၊ ကမ္ဘာပေါ်မှာ တရုတ်ကုန်ပစ္စည်းတွေ လူကြိုက်များနေတာကို နာမည်ပျက်အောင် အနောက်အုပ်စုမီဒီယာတွေက အကွက်ချပြီး လုပ်ခဲ့တာလဲပါပါတယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီ မီဒီယာတွေကြောင့် အသက်ဆုံးရှုံးရတဲ့ သူနဲ့သူ့မိသားစုတွေ အလုပ်လက်မဲ့ဖြစ်ကုန်တဲ့အလုပ်သမားများရဲ့မိသားစုတွေ ထိခိုက်နာကျင် ကြေကွဲခဲ့ရတာကတော့အမှန်ပါပဲ၊ အဲဒါကို သတင်းလွတ်လပ်ခွင့်လို့ ဆိုနိုင်သလား၊ စဉ်းစားစေချင်ပါတယ်။

မိုးလုံးပြည့်မုသာဝါဒများ

ဒီတော့ **မှန်တာ၊ မှားတာ၊ ခိုင်လုံတာ၊ မခိုင်လုံတာနောက်ထားသတင်းဆိုရင်ပြီးရောဆိုတဲ့ တလွဲဆံပင်ကောင်းတဲ့ လွတ်လပ်မှုအရေခြုံမီဒီယာတွေရယ်၊ စက္ကန့်မခြား အချိန်ပိုင်းအတွင်းမှာ ရုပ်၊ အသံနဲ့ ပုံနှိပ်စာလုံးတွေကို တွေ့မြင်ဖတ်ရှုနိုင်တဲ့ အဆင့်မြင့်နည်းပညာသုံး မီဒီယာဖြန့်ချိတဲ့ပစ္စည်းတွေဟာ ၂၁ရာစု ကမ္ဘာအတွက် အထူးစိုးရိမ်ကြောင့်ကြဖွယ်ရာ ဖြစ်လာနေပါတယ်။ အနောက်နိုင်ငံတွေရဲ့ သတင်းလွတ်လပ်ခွင့်မီဒီယာတွေနဲ့ ဒီမိုကရေစီလုပ်ငန်းစဉ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်တယ်ဆိုတဲ့ အယူအဆဟာ တတိယကမ္ဘာက နိုင်ငံသူ၊ နိုင်ငံသားတွေကို အကျိုးထက် အပြစ်တွေခံစားရရှိနေစေဦးမှာဖြစ်ပါတယ်။ လူ့အခွင့်အရေး၊ မီဒီယာလွတ်လပ်ခွင့်၊ ဒီမိုကရေစီစနစ် ထွန်းကားရေး အစရှိတာတွေနဲ့ အနောက်တိုင်းယဉ်ကျေးမှု ပျံ့နှံ့ပေါက်ဖွားစေရေး စတဲ့ကိစ္စတွေကို မီဒီယာပေါ်မှာရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီးဆောင်ရွက်နေမှုတွေဟာ တတိယကမ္ဘာက ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးအတွက် အထူးသတိပြုရမယ့်အချက်တွေဖြစ်လာနေပြီဖြစ်ပါတယ်။ နိုင်ငံငယ်လေးများအတွင်း သာမန်ဖြစ်ပျက်နေတဲ့ ပြည်ရေးပြည်ရာကိစ္စလေးတွေကို ပြည်တွင်းမှာ ပြည်သူလူထု တစ်ဦးနဲ့တစ်ဦး သံသယရှိလာအောင် နိုင်ငံတကာမှာ မကောင်းသော သတင်းဆိုးတွေနဲ့ပြည့်နှက်ကျော်ကြားလာအောင် တစ်ဆိတ်ကိုတစ်အိတ်လုပ် ရေးသားဖော်ပြနေတဲ့ အနောက်မီဒီယာတွေကြောင့် တကယ့်ရှေးရိုးထုံးတမ်းစဉ်လာ စာနယ်ဇင်းကျင့်ဝတ်တွေ၊ မီဒီယာကျင့်ဝတ်တွေအပေါ် ကမ္ဘာသူ၊ ကမ္ဘာသားတွေက အော့နှလုံးနာစရာ ဖြစ်လာကြပြီဖြစ်ပါတယ်။** ဒီကိစ္စဟာ အနာဂတ်ကမ္ဘာ့မီဒီယာကဏ္ဍအတွက် အထူးစိုးရိမ်ဖွယ်ရာကောင်းတဲ့ ကိစ္စတစ်ခုအဖြစ် ရောက်ရှိလာနေပြီဖြစ်ပါတယ်။ လောလောဆယ်မှာပဲ ဒီလိုကိစ္စမျိုး တကယ်ဖြစ်နေ၊ မဖြစ်နေ၊ရှိနေမရှိနေကို ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ဖြစ်စဉ်အချို့နဲ့ သာကေပြု ဖော်ပြလိုပါတယ်။ ယနေ့မြန်မာနိုင်ငံအတွင်းမှာ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့က အစိုးရက စက်သုံးဆီဈေးနှုန်းတွေ မြှင့်တင်လိုက်မှုအပေါ် အခြေခံပြီး ဆူပူလှုံ့ဆော်မှုအချို့၊ ဆန္ဒပြမှုအချို့ ဖြစ်ပေါ်လျက်ရှိပါတယ်။ ကမ္ဘာအနှံ့နိုင်ငံတွေမှာ စက်သုံးဆီကို ကမ္ဘာ့ဈေးကွက်နဲ့အညီ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေကြရပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတဲ့ မြန်မာနိုင်ငံအနေနဲ့လဲ စက်သုံးဆီတင်သွင်းထုတ်လုပ်မှုကို နိုင်ငံတော်က မချုပ်ကိုင်တော့ဘဲ ပုဂ္ဂလိကကုမ္ပဏီများလက်သို့ ထိုးအပ်ပေးလိုက်ရင် ယခု ဖော်ပြ သတ်မှတ်ထားသောဈေးနှုန်းထက် ဘယ်နည်းနဲ့မဆိုပိုမိုကြီးမြင့်ဖို့သာရှိပါတယ်။ သို့သော်လဲ နိုင်ငံတော်အစိုးရဟာ ပြည်သူလူထုအတွက် အရှုံးခံ ဆောင်ရွက်ပေးမယ်ဆိုတဲ့ တာဝန်ယူချင်စိတ်အပြည့်နဲ့ ဆောင်ရွက်ပေးနေတာကြောင့် အမှန်တကယ် နိုင်ငံတကာမှာ မြင့်တက်နေတဲ့ စက်သုံးဆီ ဈေးနှုန်းအတိုင်းအတာအထိ မရောက်ရှိစေဘဲ သင့်တင့်သလောက်ကိုသာ တိုးမြှင့် သတ်မှတ်ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ဒီကိစ္စဟာ ယနေ့ပြည်သူပြည်သားတိုင်း သဘောပေါက် သိမြင်ပြီးကိစ္စလဲ ဖြစ်ပါတယ်။ ဒါ့အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာဖို့အတွက် လမ်းပြမြေပုံ (၇)ရပ်နှင့်အညီ ဖော်ဆောင်ပေးလျက်ရှိရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် အခြေခံရမယ့်အချက်တွေကို အောင်မြင်စွာဆွေးနွေး ညှိနှိုင်းနိုင်ခဲ့ပြီး ပထမအဆင့် အမျိုးသားညီလာခံကြီးလဲ ပြီးစီးခဲ့ပြီဖြစ်လို့ ကျန်တဲ့အဆင့်(၆)ဆင့်ကို တစ်ဆင့်ချင်း အကောင်အထည်ဖော်ဖို့ လုပ်ဆောင်နေချိန်လဲ ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ **စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုကို အကြောင်းပြုပြီး နိုင်ငံရေးယုက်နှယ်တဲ့ ဆန္ဒပြမှု၊ လှုပ်ရှားမှုတွေ ပေါ်ပေါက်လာတာဟာ တိုင်းပြည်အတွက်၊ နောက်အနာဂတ် မျိုးဆက်အတွက် ဝမ်းနည်းစိတ်မကောင်းစရာပါပဲ၊ ပခုက္ကူမှာပေါ်ပေါက်ခဲ့တဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုကိစ္စကို အကြောင်းပြုပြီး နိုင်ငံရေးနောက်ခံ အရောင်ရောထားတဲ့ ကံဆောင်သပိတ်မှောက်မှုဆိုတာဟာလဲ သာသနာကို ဆိုးညစ်စေရုံပါပဲ၊ ဒီအချို့သောဖြစ်စဉ်ဖြစ်ရပ်ကလေးတွေအပေါ်မှာ အခြေခံပြီး အချို့သော အနောက်မီဒီယာတွေ၊ ဆန့်ကျင်ဘက်မီဒီယာတွေက ဆူပူမှုကို ကြီးထွားစေမယ့် နှုတ်ကြောင်းပေးသတင်းတွေ၊ တစ်ဆိတ်ကို တစ်အိတ်လုပ်တဲ့သတင်းတွေ ဖြစ်ပေါ်သထက် ဖြစ်ပေါ်လာနေတာကို တွေ့ရပါတယ်။** ဥပမာအားဖြင့် ပခုက္ကူဖြစ်စဉ်နဲ့ပတ်သက်ပြီး အာဏာပိုင်တွေကို သံဃာတော်နဲ့ ပြည်သူတွေက ထင်ယောင်ထင်မှားဖြစ်အောင် ပုံကြီးချဲ့သတင်းတွေ၊ ဆယ်ဂဏန်းသာရှိတဲ့ဆန္ဒပြမှုမျိုးကို ထောင်သောင်းချီတဲ့ အင်အားရှိတယ်ဆိုတဲ့ သတင်းတွေ၊ ဝန်ကြီးဌာနဝန်ထမ်းတွေ ပူးပေါင်းပါဝင်လာတယ်ဆိုတဲ့ ကြော်ငြာချက်သတင်းတွေ၊ အနုပညာနဲ့ စာပေလောကတစ်ခုလုံးက ထုတ်ပြန်ပါတယ်ဆိုတဲ့ ကြော်ငြာချက် သတင်းတွေ၊ ဘယ်နေ့ ဘယ်အချိန်၊ ဘယ်နေရာမှာ သံပုံးတီးကြပါ၊ မေတ္တာပို့ကြပါ၊ စုရုံးကြပါ အစရှိတဲ့ နိမိတ်ပြ ကြိုတင်လှုံ့ဆော်မှု သတင်းတွေ၊ အခြား အခြားသော ပြည်သူလူထုရဲ့ခံစားချက် ကောလာဟလ သတင်းတွေ၊ နိုင်ငံတကာက ဘယ်လိုစိတ်ဝင်စားပြီး ဘယ်လိုအရေးယူ ဆောင်ရွက်တော့မယ်ဆိုတဲ့ ဝါဒဖြန့်သတင်းတွေ စတဲ့ စတဲ့ ကောလာဟလ သတင်းပေါင်းများစွာကို လုပ်ကြံဖန်တီးထုတ်လွှင့်လျက်ရှိပါတယ်။ ဒီလို **မီဒီယာတွေရဲ့ လုပ်ကြံဖန်တီးထုတ်လွှင့်မှုတွေကြောင့် သူတို့အဆို သံဃာတော်တွေက ငြိမ်းချမ်းစွာ လှည့်လည်မေတ္တာပို့တာပါလို့ပြောနေသော်လဲ တဖြည်းဖြည်းနဲ့ တောင်းဆိုချက်တွေဟာ သာမန်မဟုတ်တော့ဘဲ နိုင်ငံရေးဆိုင်ရာ တောင်းဆိုချက်တွေ ဖြစ်လာနေတာလဲ တွေ့ရပါတယ်။ ဆန္ဒပြမှုမှာ အရောရောအထွေထွေနဲ့ နိုင်ငံရေး တောင်းဆိုချက် ဆိုင်းဘုတ်တွေ၊ ဒို့အရေးဆိုတဲ့ အသံတွေပါ ပါဝင်လာတာကိုလဲ တွေ့ရှိလာရပါတယ်။ သို့သော်လဲ သေချာတာတစ်ခုကတော့ ၁၉၈၈ခုနှစ် အရေးအခင်းကာလကို မျက်မြင်ကိုယ်တွေ့ အပ်ကျမပ်ကျ ကြုံတွေ့ခဲ့ဖူးသူ နိုင်ငံသူ၊ နိုင်ငံသားတိုင်းဟာ ဒီလို လုပ်ကြံဖန်တီးပြောဆိုမှုတွေ၊ ဘာမဟုတ်တဲ့ ဆန္ဒပြမှုလေးတွေမှာ ပါဝင်လာခြင်းမရှိတော့တဲ့အပြင် ရင်ထဲ အသည်းထဲကပါ ရွံရှာမုန်းတီးမလိုလားဘဲ ဖြစ်နေကြပြီဆိုတာ အသေအချာပါပဲ။ ငြိမ်းချမ်းစွာ လူတွေစီတန်းဆန္ဒပြတယ်ဆိုတဲ့အတွက် မလိုလားအပ်သော မီဒီယာတွေရဲ့ တစ်ဆိတ်ကိုတစ်အိတ်လုပ် ပြောကြားသွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးနေမှုများအတွက် ဖြစ်ပေါ်လာတဲ့ အကြောင်းတရားရဲ့ နောက်က ဆိုးရွားလှသော အကျိုးဆက်တွေကို ယနေ့အေးချမ်းစွာနေထိုင်လိုသော၊ တည်ငြိမ်အေးဆေးစွာ ဒီမိုကရေစီစနစ်ကို အဆင့်ဆင့်ပြောင်းလဲစေလိုသော ပြည်သူလူထုအများစုဟာ တဖြည်းဖြည်း စတင်ခံစားလာနေရပြီဖြစ်ပါတယ်။** အေးချမ်းစွာပညာသင်ကြားလိုသော တစ်နှစ် တစ်တန်း မှန်မှန် ပညာသင်အရွယ်ကို ကုန်လွန်ပြီးမြောက်စေလိုသော မိဘများနဲ့ လူမမည်အရွယ် မျိုးဆက်ကလေးများဟာ အနောက်မီဒီယာ၊ ဆန့်ကျင်ဘက်မီဒီယာတွေနဲ့ ဆူပူဆန္ဒပြလိုသူတို့ရဲ့ မိုးလုံးပြည့်မုသာဝါဒတွေကြောင့် ကျောင်းတက်ဖို့ကိုပင် စိုးရွံ့လာနေရပြီဖြစ်ပါတယ်။ တစ်နေ့လုပ်တစ်နေ့စား ဝန်ထမ်းလုပ်သားများမှသည် ဈေးရောင်းဈေးဝယ်နဲ့ အငှားယာဉ်မောင်းများအထိ နိစ္စဓူဝ အလုပ်သွားအလုပ်လာ အလုပ်ရှာကိစ္စတွေမှာ စိုးရိမ်ထိတ်လန့်မှုတွေ ကြုံတွေ့လာနေရပြီ ဖြစ်ပါတယ်။ ကုမ္ပဏီနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဟာလဲ တည်ငြိမ်မှု ယိုယွင်းလာတဲ့ နိုင်ငံအခြေအနေပေါ်မှာမူတည်ပြီး သူတို့ရဲ့ လုပ်ငန်းတွေ အရှိန်အဟုန် ပျက်ပြားမလား၊ အကျိုးစီးပွား ယုတ်လျော့မလား စတဲ့ သောကစိတ်တွေ ဝင်ရောက်လာကြပြီ ဖြစ်ပါတယ်။ ဒါတွေအားလုံးကို ခြုံငုံပြောရရင် **သာမန်ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒပြတယ်ဆိုသော်ငြားလဲ ဒီဆန္ဒပြမှု တစ်ဆိတ်ကိုတစ်အိတ်လုပ်တဲ့ အနောက်မီဒီယာတွေ၊ ဆန့်ကျင်ဘက် မီဒီယာတွေကြောင့် ရိုးသားအေးချမ်းလှသော ပြည်သူလူထု တစ်ရပ်လုံးဟာ ကျီးလန့်စာစားဘဝကို မရောက်ချင်၊ မဖြစ်ချင်ဘဲ ဖြစ်လာ၊ ရောက်လာရမှာကို စိုးရိမ်နေရပြီဖြစ်ပါတယ်။ အခုဆိုရင် မိသားစုတိုင်းဟာ မိုးလင်းလာတာနဲ့ ကလေးကျောင်းလွှတ်လို့ ဖြစ်ပါ့မလား၊ အလုပ်သွားလို့ဖြစ်ပါ့မလား၊ ဆိုင်ထွက်လို့ ဖြစ်ပါ့မလား၊ ကုန်ဈေးနှုန်းတွေတက်ဦးမှာလား စတဲ့ လားပေါင်းများစွာနဲ့ နေ့သစ်ကို စနေရပါပြီ၊ ကုန်ကားတွေဝင်မှ၊ သင်္ဘောတွေဝင်မှ ဝင်ငွေရမယ့် လုပ်သားတွေလဲ ပေါ်မလာတဲ့ ကုန်ကားတွေကို ထိုင်စောင့်နေရပါပြီ၊ အထားမခံတဲ့ သစ်သီးရောင်းသူတွေကလဲ ဝယ်သူမဲ့တဲ့ သစ်သီးတွေကို အမှိုက်ပုံသွားပို့နေရပါပြီ၊ ဩဂုတ်လ ၁၆ရက်နေ့ နောက်ပိုင်း အခြေအနေတွေကစပြီး ယနေ့အချိန်အထိ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြတဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့၊ တိုင်းရင်းသား ပြည်သူလူထုတွေရဲ့ စိတ်အစဉ်ကို တစ်စထက်တစ်စ ယုတ်လျော့ပြိုကွဲပျက်စီးအောင် လှုံ့ဆော်လုပ်ဆောင်ခဲ့မှုများကြောင့် ဖြစ်ပေါ်လာတဲ့ စိုးရိမ်သောက ဗျာပါဒတွေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အတိုင်းအဆမရှိ နှောင့်နှေးစေခဲ့တဲ့ အချိန်တွေအတွက် ဘယ်သူတွေမှာ အပြစ်ရှိသလဲ၊ ဘယ်သူတွေက ဘယ်လိုပြန်ပြီး တာဝန်ယူပေးကြမှာလဲ၊ ဘယ်လို ပြန်လည်ဖြည့်စွမ်းပေးကြမှာလဲ၊ မိုးလုံးပြည့်မုသာဝါဒကို ထုတ်လွှင့်နေတဲ့ အနောက်မီဒီယာနဲ့ ဆန့်ကျင်ဘက် မီဒီယာတွေက အနာဂတ်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူပေးမှာလား၊ အော်လို့ကောင်းလို့ အော်ရုံ၊ ဆူပူအုံကြွစေချင်တာကို လှုံ့ဆော်မှုပြုလို့ ကောင်းလို့ လှုံ့ဆော်မှုပြုရုံ၊ မုသာဝါဒနဲ့ မဟုတ်တမ်းတရမ်းတွေ ရေးသားဖော်ပြထုတ်လွှင့်ပေးတာမျိုးနဲ့တော့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာဖို့ဆိုတာ ပြဒါးတစ်လမ်း သံတစ်လမ်းပါပဲ၊ ဒီလို မိုးလုံးပြည့်မုသာဝါဒတွေ ထုတ်လွှင့်နေတဲ့ မီဒီယာတွေနဲ့ ဆူပူမှုတွေဖြစ်အောင် သွေးထိုးလှုံ့ဆော် လုပ်ဆောင်နေကြတဲ့ အဖျက်သမား ပုဆိန်ရိုးတွေရဲ့စကားကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက အသိ၊ သတိရှိရှိနဲ့ သတိထား ဆင်ခြင်နိုင်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် ဘာကူဘာမြို့တွင် ဆင်းရဲသားများနှင့် အိုးအိမ်မဲ့ မိသားစုများအတွက် ပေးဝေမည့် အဝတ်အစားများကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗင်နီဇွဲလားနှင့် ဘာရာဇီး
စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မည်

ရီယိုဒီဂျနေရိုး စက်တင်ဘာ ၂၅

ဗင်နီဇွဲလားနှင့် ဘာရာဇီးနှစ်နိုင်ငံတို့အနေဖြင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဘာရာဇီးနိုင်ငံအား စက်တင်ဘာ ၂၀ရက်က တိုက်တွန်းလိုက်သည်။

ပူးပေါင်းဆောင်ရွက်

ထို့အပြင် ဗင်နီဇွဲလားနိုင်ငံသည် ဗင်နီဇွဲလားမှ အာဂျင်တီးနားသို့ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးနှင့် ပတ်သက်ပြီး ဘာရာဇီးနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ဘာရာဇီးနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်အနေဖြင့် ဘာရာဇီးသမ္မတ လူဇ်အီနာစီရို လူလာဒါစီလ်ဗား နှင့် တွေ့ဆုံဆွေးနွေးမှု မပြုလုပ်မီ ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ရပ်တည်

ဗင်နီဇွဲလားနိုင်ငံသည် တောင်အာဖရိက ဓာတ်ငွေ့သယံဇာတ၏ ၈၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသော နိုင်ငံဖြစ်ပြီး တောင်အာဖရိက နိုင်ငံများသို့ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးပေးရာ နိုင်ငံအဖြစ်လည်း ရပ်တည်နေသော နိုင်ငံဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

(၅၈)ကြိမ်မြောက် နိုင်ငံတကာ နက္ခတ္တဗေဒပညာရှင်များဆိုင်ရာညီလာခံ
အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ ကျင်းပ

ဟိုက်ဒရာဘတ် စက်တင်ဘာ ၂၅

(၅၈)ကြိမ်မြောက် နိုင်ငံတကာ နက္ခတ္တဗေဒပညာရှင်များဆိုင်ရာညီလာခံကို အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ စက်တင်ဘာ ၂၄ ရက်က စတင်ကျင်းပခဲ့သည်။

အဆိုပါ ညီလာခံသို့ နိုင်ငံတကာမှ အာကာသဆိုင်ရာ သိပ္ပံပညာရှင်များ၊ အာကာသအေဂျင်စီများနှင့် အာကာသယာဉ်မှူးများ စုစုပေါင်း ၂၀၀၀ကျော် တက်ရောက်ခဲ့ကြသည်။ အဆိုပါ ညီလာခံ၌ အာကာသ သိပ္ပံ၊ အာကာသဆိုင်ရာ နည်းပညာ၊ အာကာသဆိုင်ရာ အခြေခံအဆောက်အအုံနှင့် အာကာသဆိုင်ရာ အသုံးချနိုင်မှုများအပြင် အာကာသနှင့်ပတ်သက်သည့် အကျိုးပြုမှုများကို ဆွေးနွေးကြသည်။

ပြောကြား

တစ်ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်တွင် အာကာသရေးရာ ကိစ္စရပ်များသည် အရေးပါသော အနေအထားရောက်ရှိလာကြောင်း (၅၈)ကြိမ်မြောက် နိုင်ငံတကာဆိုင်ရာ နက္ခတ္တဗေဒပညာရှင်များ ညီလာခံ ဖွင့်ပွဲအခမ်းအနား၌ အိန္ဒိယ အာကာသ သုတေသနအဖွဲ့ဥက္ကဋ္ဌ မာဒါဗင်နရာက ပြောကြားခဲ့သည်။

ဆွေးနွေး

အဆိုပါ ညီလာခံသို့ ၄၅နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပြီး အာကာသရေးရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထား ဆွေးနွေးခဲ့ကြသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ယီချန်မြို့တွင် ကျင်းပလျက်ရှိသည့် အာကာသသိပ္ပံဆိုင်ရာပြပွဲ၌ ပြသထားသည့် အာကာသဝတ်စုံကို ကြည့်ရှုနေကြသော ကျောင်းသားကျောင်းသူများအား စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘရာဇီး၌ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု
ယခုနှစ်အတွင်း ၁၆၁ ရာခိုင်နှုန်း မြင့်တက်

ရီယိုဒီဂျနေရိုး စက်တင်ဘာ ၂၅

ဘရာဇီး၌ ယခုနှစ် ပထမရှစ်လအတွင်း ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၆ဒသမ ၅ဘီလီယံရှိကြောင်း၊ ယခင်နှစ် အလားတူကာလကထက် ၁၆၁ ရာခိုင်နှုန်း မြင့်တက်လျက်ရှိကြောင်း စက်တင်ဘာ ၂၁ ရက်တွင် ဘရာဇီးနိုင်ငံ ဗဟိုဘဏ်ကသတင်းထုတ်ပြန်သည်။

ခန့်မှန်း

ယခုနှစ်အတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှုပမာဏမှာ ၃ ဒသမ ၇၈ ရာခိုင်နှုန်းရှိပြီး ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ၂၅ ဘီလီယံမှ ၃၂ ဘီလီယံကြား ခန့်မှန်းထားရှိသည်။

ရင်းနှီးမြှုပ်နှံ

ပြည်ပ ရင်းနှီးမြှုပ်နှံမှု ပမာဏသည် ၂၀၀၀ ပြည့်နှစ်တွင် ၃၂ ဒသမ ၇၇ သန်းရှိခဲ့ရာမှ နှစ်စဉ် တိုးမြင့်လာလျက်ရှိကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

သတင်းထုတ်ပြန်

၂၀၀၆ခုနှစ် စက်တင်ဘာလမှ ဩဂုတ်လအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ ၃၅ဒသမ ၁၂ ဘီလီယံရှိခဲ့ကြောင်း ဗဟိုဘဏ်၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်၌
ရေနံပိုက်လိုင်း
ဗုံးခွဲဖျက်ဆီးခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင်းရှိ ရေနံချက်စက်ရုံသို့ သွယ်တန်းထားသည့် ရေနံပိုက်လိုင်းကို အကြမ်းဖက် သမားများ၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရေနံပိုက်လိုင်း ပေါက်ကွဲသွားခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ဖောက်ခွဲ

အဆိုပါ ဖောက်ခွဲမှုမှာ ငါးရက်အတွင်း ဘဂ္ဂဒက်မြို့၌ ဒုတိယအကြိမ် ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ပြီး ဘဂ္ဂဒက်မြို့ရှိ ဒိုရာရေနံချက်စက်ရုံနှင့် ဘဂ္ဂဒက်မြို့မှ ကီလိုမီတာ ၁၈၀ အကွာရှိ ဘာကူဘာမြို့သို့ သွယ်တန်းထားသော ရေနံပိုက်လိုင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ကားဗုံးခွဲ

အာဖဂန်နစ္စတန်နိုင်ငံ ဂျာလာလာဘတ်မြို့တွင် ကားဗုံး ခွဲခံရပြီးနောက် မီးလောင်ကျွမ်းနေသည့် ကားတစ်စီးကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အပြည်ပြည်ဆိုင်ရာဈေးကွက်မှ ဆန်တန်ချိန် ၅၀၀၀၀
ဘင်္ဂလားဒေ့ရှ် ပိုမိုတင်သွင်းခဲ့ရ

ဒါကာ စက်တင်ဘာ ၂၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းတွင် ရေလွှမ်းမှုများကြောင့် စပါးစိုက်ခင်းများ ပျက်စီးခဲ့ရသည့်အတွက် ဘင်္ဂလားဒေ့ရှ် အစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာဈေးကွက်မှ ဆန်တန်ချိန် ၅၀၀၀၀ ကျော် ပိုမိုတင်သွင်းရမည် ဖြစ်သည်။

စတင်နေ

အစားအစာနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဌာနက အပြည်ပြည်ဆိုင်ရာဈေးကွက်မှ ဆန်တင်သွင်းမှုကို စတင်နေပြီဖြစ်ကြောင်း ဖိုင်နင်ရှယ်အိတ်စ်ပရက်စ် သတင်းစာက စက်တင်ဘာ ၂၃ရက်တွင် ဖော်ပြသည်။

အစိုးရအနေဖြင့် ယခုနှစ်အတွင်း ပြည်ပမှဆန်တန်ချိန် ၄၀၀၀၀၀ကျော် တင်သွင်းရန် သတ်မှတ်ထားရှိသော်လည်း ယခုအခါ ဆန်တန်ချိန် ၅၀၀၀၀ကို ပိုမိုတင်သွင်းနေရပြီ ဖြစ်သည်။

တင်သွင်းခဲ့

ရေလွှမ်းမှုကြောင့် စပါးစိုက်ခင်းများစွာ ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် ယခုနှစ်အတွင်း စားသောက်ကုန် ထုတ်လုပ်မှုမှာလည်း များစွာ ထိခိုက်နိုင်ကြောင်း၊ ယခုတင်သွင်းခဲ့သည့် ဆန်တန်ချိန် ၅၀၀၀၀ကိုမူ အိန္ဒိယနိုင်ငံမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းစာက ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နျူကလီးယား စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ဘင်္ဂလားဒေ့ရှ်တွင် တည်ဆောက်မည်

ဒါကာ စက်တင်ဘာ ၂၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လာမည့် ၂၀၁၅ခုနှစ်၌ နျူကလီးယား ဓာတ်အားပေးစက်ရုံတစ်ခုကို တည်ဆောက်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီကလည်း ထောက်ခံမှုပေးထားကြောင်း ဘင်္ဂလားဒေ့ရှ် မီဒီယာများက စက်တင်ဘာ ၂၃ ရက်၌ ဖော်ပြသည်။

ပြောကြား

နျူကလီးယား စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် အိုင်အေအီးအေကလည်း အပြည့်အဝ ထောက်ခံပေးထားသည့်အပြင် ဘင်္ဂလားဒေ့ရှ် အစိုးရကလည်း ခွင့်ပြုချက် ပေးထားပြီးဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ စွမ်းအင်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် တာပန်ချောဟူရီက စက်တင်ဘာ ၂၃ ရက်၌ ပြောကြားသည်။

မိမိတို့သည် အိုင်အေအီးအေ အကြီးအကဲ မိုဟာမက်အီလ်ဘာရာဒေးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ခွင့်ပြုချက် ရရှိခဲ့ကြောင်း၊ အိုင်အေအီးအေက မိမိတို့အား အကူအညီပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် ဗီယက်နမ်မြို့၌ ကျင်းပမည့် (၅၁)ကြိမ်မြောက် အိုင်အေအီးအေညီလာခံတွင် မိုဟာမက်အီလ်ဘာရာဒေးက ထောက်ခံတင်ပြမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဖရန့်ဖွတ်မြို့၌ မော်တော်ကားပြပွဲ ပြသ ပြည့်သည် တစ်သန်း လာရောက်ကြည့်ရှု

ဘာလင် စက်တင်ဘာ ၂၅

ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့၌ ကျင်းပသည့် (၆၂)ကြိမ်မြောက် မော်တော်ကားပြပွဲကို စက်တင်ဘာ ၂၃ ရက်က ကျင်းပပြီးစီးသွားပြီဖြစ်ရာ ဧည့်သည်ပေါင်း တစ်သန်းလာရောက် ကြည့်ရှုကြောင်း **(အပေါ်ပုံ)** ပြပွဲကျင်းပရေးအဖွဲ့က ပြောကြားသည်။

ကျင်းပ

၂၀၀၅ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ နောက်ဆုံးအကြိမ်ကျင်းပခဲ့ခြင်းဖြစ်ရာ လာရောက်သူ ၉၄၀၀၀၀ ခန့်ရှိကြောင်း ဖရန့်ဖွတ်မြို့၌ ကျင်းပသည့် မော်တော်ကားပြပွဲမှာ ကမ္ဘာ့အကြီးမားဆုံးပြပွဲ တစ်ရပ်ဖြစ်သည်။

အဆိုပါမော်တော်ကားပြပွဲတွင် နိုင်ငံပေါင်း ၄၀ မှ ကားအစီးရေ တစ်ထောင်ကျော် ပါဝင်ပြသလျက်ရှိရာ နှစ်နှစ်တစ်ကြိမ် နှစ်စဉ်ကျင်းပလျက်ရှိသည်။

မြှင့်တင်

ယင်းကဲ့သို့ ပြပွဲကျင်းပခြင်းကြောင့် ကမ္ဘာ့နိုင်ငံများ၏ မော်တော်ကားဈေးကွက်၌ ရောင်းအားမြှင့်တင်ဖွယ်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၃၇၉၈ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂၅

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တွင်း ကင်းလှည့်စဉ် လမ်းဘေးဗုံးဖောက်ခွဲ တိုက်ခိုက်ခံရသဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီးတစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က စက်တင်ဘာ ၂၃ ရက်တွင် ကြေညာသည်။

ဖော်ပြထား

၂၀၀၃ ခုနှစ်တွင် အီရတ်စစ်ပွဲစတင်ကတည်းကယနေ့အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၇၉၈ ဦးရှိသွားပြီဟု သတင်းတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရိုးရာဝတ်စားဆင်ယင်မှုပြပွဲ

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ စက်တင်ဘာ ၂၃ ရက်က ရိုးရာဝတ်စားဆင်ယင်မှု ပြပွဲကျင်းပနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၂၀ ပြည့်နှစ်၌ သီဟိုဠ်စေ့တင်ပို့မှုမှ ဝင်ငွေပိုမိုရရှိရန် ဗီယက်နမ် မျှော်မှန်းထား

ဟန်နွိုင်း စက်တင်ဘာ ၂၅

ဗီယက်နမ်နိုင်ငံသည် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် သီဟိုဠ်စေ့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၈၅၀ခန့် ရရှိရန် မျှော်မှန်းထားကြောင်း ဗီယက်နမ် မီဒီယာများက စက်တင်ဘာ ၂၄ရက်၌ ဖော်ပြသည်။

ခန့်မှန်း

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်တွင် သီဟိုဠ်စေ့ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၅၆၀ ရရှိမည်ဟု မျှော်မှန်းထားသည်။ ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့ ပြည်ပတင်ပို့မှုမှ ၂၀၂၀ ပြည့်နှစ်၌ တန်ချိန် ၆၆၆၀၀၀ အထိ တင်ပို့နိုင်မည်ဟုလည်း ခန့်မှန်းထားသည်။

တင်ပို့

ထို့အတူ လာမည့် ၂၀၁၀ ပြည့်နှစ်၌ သီဟိုဠ်စေ့တန်ချိန် ငါးသိန်းခန့် တင်ပို့နိုင်ရန်လည်း စီမံချက်ထားရှိကြောင်း၊ ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယခုနှစ် ပထမ ရှစ်လတာကာလအတွင်း သီဟိုဠ်စေ့တင်ပို့မှု တန်ချိန် ၉၆၀၀၀ ရှိခဲ့ကြောင်း၊ ထိုသို့ တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃၉၆ သန်း ရရှိခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၂၀ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်တုန်းပြည်နယ်၌ ကျင်းပသည့် အလှမယ်ပြိုင်ပွဲတွင် ဆုရရှိသူ သုံးဦးအား စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

(၎င်းအလှမယ်သုံးဦးသည် ဟောင်ကောင်၌ ကျင်းပမည့် အာရှအလှမယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယ၌ တယ်လီဖုန်းသုံးစွဲသူ သန်း ၂၄၀ ကျော်ရှိ

နယူးဒေလီ စက်တင်ဘာ ၂၅

အိန္ဒိယနိုင်ငံတွင် ၂၀၀၇ ခုနှစ် ဩဂုတ်လကုန်အထိ တယ်လီဖုန်းသုံးစွဲသူ အရေအတွက် သန်း ၂၄၀ ကျော်ရှိကြောင်း အိန္ဒိယသတင်းဌာန ပီတီအိုင်က စက်တင်ဘာ ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

ပြောကြား

ထို့အတူ လက်ကိုင်ဖုန်းသုံးစွဲသူ အရေအတွက်မှာလည်း ယခုနှစ် ဩဂုတ်လကုန်အထိ စုစုပေါင်း သန်း ၂၀၀ ခန့်ရှိကြောင်း အိန္ဒိယနိုင်ငံ ကြေးနန်းဆက်သွယ်ရေး အာဏာပိုင်အဖွဲ့မှ ပြောကြားသည်။

သုံးစွဲသူများ

ယခုနှစ် ဇူလိုင်လအထိ တယ်လီဖုန်းသုံးစွဲသူ အရေအတွက်မှာ ၂၃၂ ဒသမ ၈၇ သန်းရှိခဲ့ကြောင်း၊ ထို့အတူ ဩဂုတ်လ၌ လက်ကိုင်ဖုန်းသုံးစွဲသူ အရေအတွက်အသစ်မှာ ၈ ဒသမ ၃၁ သန်း တိုးတက်ခဲ့ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

ထုတ်ပြန်

အိန္ဒိယနိုင်ငံတွင် တယ်လီဖုန်းသုံးစွဲသူအရေအတွက် တိုးတက်ခဲ့သော်လည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် အနည်းငယ်လျော့နည်းခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကြေးနန်းဆက်သွယ်ရေး အာဏာပိုင် အဖွဲ့မှ ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒွာနာလှုံနာ ရောဂါဖြစ်ပွား ဗြိတိန်တွင် ကျွဲ၊ နွား ၄၀ ခန့် သုတ်သင်ခဲ့ရ

လန်ဒန် စက်တင်ဘာ ၂၅

ဗြိတိန်နိုင်ငံ ဆာရေးဒေသရှိ မွေးမြူရေးခြံတစ်ခြံတွင် ခွာနာလျှာနာ ရောဂါဖြစ်ပွားသည်ကို အတည်ပြုခဲ့ကြောင်း ဘီဘီစီက စက်တင်ဘာ ၂၂ ရက်၌ သတင်းထုတ်ပြန်သည်။

ယခုဖြစ်ပွားမှုသည် ဩဂုတ်လ အစောပိုင်းမှ စတင်ကာ ခြောက်ကြိမ်မြောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တိရစ္ဆာန်များကို စမ်းသပ်မှုပြုလုပ်ခဲ့ရာ ယင်းရောဂါလက္ခဏာများကို တွေ့ရှိရကြောင်း အဆိုပါ သတင်းတွင် ဖော်ပြသည်။

စမ်းသပ် စစ်ဆေးမှုများအရ ထိုဒေသရှိ ရောဂါဖြစ်ပွားသည့် ကျွဲ၊ နွားများကို သုတ်သင်သင့်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျေးလက်ဒေသရေးရာဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရောဂါဖြစ်ပွားရာဒေသ သုံးကီလိုမီတာပတ်လည်တွင် ရောဂါကာကွယ်ရေးအတွက် ကျွဲ၊ နွား ၄၀ခန့်ကို သုတ်သင်ခဲ့ရကြောင်း ယင်းသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား အသက်(၂၁)နှစ်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

(က)အုပ်စု မော်လမြိုင်ဇုန်၌ တပ်မတော်(ရေ)အသင်းက ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ) အုပ်စု ပုသိမ်ဇုန်၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ် (၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ (ဂ) အုပ်စု မုံရွာဇုန်၌ တပ်မတော်(လေ) အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဃ)အုပ်စု မန္တလေးဇုန်၌ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၄၄)ခြေမြန် တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု၌ တောင်ငူဇုန်၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းဆောင် ဆောက်လုပ်ရန်ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၅

စမ်းချောင်းမြို့နယ် ပဏ္ဍိတလမ်း အမှတ် ၃ ဖြိုးမိုးသိန်ဓာတ်ပုံ၊ ဗီဒီယိုစတူဒီယိုတွင် ယနေ့နံနက်ပိုင်းက ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ရေနံချောင်းအထက်တန်းကျောင်း အမှတ်(၁)(ရွှေပါရမီဆောင်ဆောက်လုပ်ရန် ငွေကျပ်တစ်သိန်း၊ အရှင်ရာဇိန္ဒ (ရဝေနွယ်အင်းမ) အရှင်ထံ ဓမ္မစာပေ ထုတ်ဝေရေးအတွက် ငွေကျပ်တစ်သိန်းကို ဦးကျော်မြင့်သန်း (လမ်းမတော်)ဇနီး မလှကြည်၊ သားကြီး အေးဇော်မျိုးနှင့်ဇနီး၊ မွေးနေ့ရှင် အေးဇော်မိုး(စက်မှု)၊ မောင်ညီညီ၊ သမီးမဝင်းမင်းအေးတို့က ဆက်ကပ်လှူဒါန်းကြောင်းသိရသည်။ **(ဝဲပုံ)** **(၃၈၇)**

ကဝအရှင်ဝဏ္ဏိသရတရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၅ ရပ်ကွက် ဓမ္မရက္ခိတဖြူးမဟာစည် သာသနာ့ရိပ်သာ ဖြူးဆရာတော်၏ တပည့် ကဝအရှင်ဝဏ္ဏိသရ ဓမ္မာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ ဖြူးမဟာစည်နယ်လှည့် ဓမ္မကထိကသည် ၁၃၆၉ ခုနှစ် တော်သလင်းလပြည့်နေ့ နံနက် ၉ နာရီတွင် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ၌လည်းကောင်း၊ ညနေ ၅ နာရီတွင် လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာ ဘုရားလမ်း မာရ်အောင်ဓမ္မာရုံ၌လည်းကောင်း၊ တော်သလင်းလပြည့်ကျော် ၃၊ ၄၊ ၅ ရက်တို့တွင် ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် သမတ်ပြေအုန်းပင်စု ကျောင်းတိုက်၌လည်းကောင်း ညစဉ် ၇နာရီတွင် ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၅-၉-၂၀၀၇

ကော့သောင်	၀ ဒသမ ၈၂ လက်မ
ဟဲဟိုး	၀ ဒသမ ၆၇ လက်မ
တောင်ကြီး	၀ ဒသမ ၅၅ လက်မ
စစ်တွေ	၀ ဒသမ ၄၇ လက်မ
ရန်ကုန် (ကမ္ဘာအေး)	၀ ဒသမ ၂၃ လက်မ
ရန်ကုန် (မြို့လယ်)	၀ ဒသမ ၂၀ လက်မ

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

၂၅ - ၉ - ၂၀၀၇ ကိုထွေး - စုစည်းတင်ဆက်သည်

၂၀၀၈ အာရှ(ယူ-၂၀)နှင့် (ယူ-၁၇) ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်ဘောလုံးအသင်းများပါဝင်ယှဉ်ပြိုင်မည်

အာရှဘောလုံးအဖွဲ့ချုပ် (AFC) က ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် အာရှ အသက် (၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲနှင့် အာရှအသက် (၁၇) အောက် လူငယ်ဘောလုံးပြိုင်ပွဲ တို့အတွက် ခြေစစ်ပွဲစဉ်အုပ်စုများကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ပါဝင်

အုပ်စုရေးဆွဲထားမှုများအရ အာရှ (ယူ-၂၀)ခြေစစ်ပွဲစဉ်၌မြန်မာ(ယူ-၂၀) အသင်းသည် အုပ်စု (C)၌ ဂျပန်၊ ထိုင်း၊ လာအို၊ မော်လဒိုက်၊ တရုတ် (တိုင်ပေ)တို့နှင့်အတူ ပါဝင်လျက်ရှိသည်။

အာရှ (ယူ-၁၇) ခြေစစ်ပွဲစဉ်၌ မြန်မာ (ယူ-၁၇)အသင်းသည် အုပ်စု (ဆ)၌ မြောက်ကိုရီးယား၊ ဩစတြေးလျ၊ မလေးရှား၊ မော်လဒိုက်၊ အရှေ့တီမောအသင်းတို့နှင့်အတူ ကျရောက်လျက်ရှိသည်။

အဆိုပါ ခြေစစ်ပွဲစဉ်များအတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် နိုင်ငံများကို အပြီးသတ်ဆုံးဖြတ်ရခြင်း မရှိသေးချေ။ အာရှ (ယူ-၂၀) ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲစဉ်များကို ဆော်ဒီအာရေဗျနိုင်ငံ၌ လည်းကောင်း၊ အာရှ (ယူ-၁၇)ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲစဉ်များကို ဂျပန်နိုင်ငံ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်

အာရှ (ယူ-၂၀)ခြေစစ်ပွဲစဉ်နှင့် အာရှ (ယူ-၁၇)ခြေစစ်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ (ယူ-၂၀)အသင်းနှင့် မြန်မာ (ယူ-၁၇) အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယခုအခါ မြန်မာ(ယူ-၂၀)အသင်းနှင့် မြန်မာ(ယူ-၁၇)အသင်း တို့ကို ပဏာမ လူငယ်လက်ရွေးစင်များဖြင့် ဖွဲ့စည်းကာပြင်ဆင်လေ့ကျင့်လျက်ရှိသည်။ မြန်မာ(ယူ-၂၀) အသင်းသည် ၂၀၀၇ ခုနှစ် အာဆီယံ (ယူ-၂၀)ပြိုင်ပွဲ၌ အကြိုဗိုလ်လုပွဲစဉ်အထိ တက်ရောက်နိုင်ခဲ့သည်။ မြန်မာ(ယူ-၁၇)အသင်းသည် ၂၀၀၇ခုနှစ် အာဆီယံ(ယူ-၁၇) ပြိုင်ပွဲ၌ အုပ်စုအဆင့်မှပင် ထွက်ခဲ့ရသည်။

မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကြက်တောင်ရိုက်ပြိုင်မည်

၂၀၀၇ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၏ ကြက်တောင်ရိုက် ပွဲစဉ်ကို စက်တင်ဘာ ၂၆ ရက်**(ယနေ့)** တွင် ရန်ကုန်မြို့ ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင်ရုံ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ကမ္ဘာ့အလေးမပြိုင်ပွဲ မြန်မာနိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်

ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ စက်တင်ဘာ ၁၇ရက်မှ ၂၆ရက်အထိ ကျင်းပလျက်ရှိသည့် ကမ္ဘာ့အလေးမ ပြိုင်ပွဲ (Royal World Weightlifting Champion Ships)၌ မြန်မာနိုင်ငံမှ အလေးမမယ်များ ဖြစ်ကြသော တင်တင်လှနှင့်နှင်းသန့်ဇင်တို့ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာ့အလေးမမယ် တင်တင်လှသည် ၄၈ ကီလိုတန်းအလေးမ ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရာ အမြန်မ၌ အဆင့်၂၈၊ နှစ်ဆင့်မ၌ အဆင့် ၁၅ ရရှိသည်။ မြန်မာအလေးမမယ် နှင်းသန့်ဇင်သည် ၅၃ ကီလိုတန်း အလေးမပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရာ အမြန်မ၌ အဆင့် ၂၀ ရရှိပြီး နှစ်ဆင့်မတွင် အဆင့် ၁၅ရရှိသည်။

ဆုတံဆိပ်အများဆုံး

အဆိုပါ ပြိုင်ပွဲ၌ နိုင်ငံပေါင်း ၆၈ နိုင်ငံမှ အလေးမ အားကစားသမား ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အမျိုးသား အလေးမပြိုင်ပွဲ၌ ကီလိုတန်း ရှစ်တန်း၊ အမျိုးသမီး ပြိုင်ပွဲ၌ ကီလိုတန်း ခုနစ်တန်း ထည့်သွင်းကျင်းပပြီး စက်တင်ဘာ ၂၂ရက် ပွဲစဉ်များအပြီးတွင် တရုတ်နိုင်ငံမှ အလေးမ အားကစားသမားများက ဆုတံဆိပ်အများဆုံး ရရှိထားကြသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေး မြန်မာလက်ဝှေ့အဖွဲ့ ထိုင်းနိုင်ငံ၌ပူးတွဲလေ့ကျင့်

ထိုင်းနိုင်ငံ၌လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုဆုတံဆိပ်များရရှိရေးအတွက် ရည်ရွယ်၍ မြန်မာလက်ဝှေ့ အားကစားအဖွဲ့သည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ထိုင်းနိုင်ငံသို့ သွားရောက်နေထိုင်၍ တစ်လကြာ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

စခန်းဝင်လေ့ကျင့်

မြန်မာလက်ဝှေ့အားကစားအဖွဲ့သည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ၂၀၀၇ခုနှစ် မတ် ၁ရက်မှစတင်၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာလက်ဝှေ့အားကစားအဖွဲ့တွင် အမျိုးသားအားကစားသမား ၁၃ဦး၊ အမျိုးသမီးအားကစားသမား ခြောက်ဦး စုစုပေါင်းအားကစားသမား ၁၉ ဦး ပါဝင်သည်။ မြန်မာလက်ဝှေ့အားကစားအဖွဲ့သည် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်နှစ်ခု ရရှိခဲ့သည်။

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စီးပွား/ ကူးသန်းအသင်းဦးဆောင်လျက်ရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်ကစတင်ကျင်းပရာ စက်တင်ဘာ ၂၀ ရက် ပွဲစဉ်များအပြီးတွင် စီးပွား/ကူးသန်းဘောလုံးအသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။

ဘဏ္ဍာ/အခွန်၊ ကမ္ဘောဇနှင့် စီးပွား/ကူးသန်းအသင်းတို့ တစ်ပွဲစီနိုင်သုံးမှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်အရ စီးပွား/ကူးသန်းအသင်း ထိပ်ဆုံးမှ ဦးဆောင်နေခြင်းဖြစ်သည်။ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်မှ ၃၀ရက် အထိ ခေတ္တ ရပ်နားထားသည်။

မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် သတ္တမ အကြိမ်မြောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့်၁၂နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်မြင့်နှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။

လက်ခံ

ယင်းနောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်သို့ အလှူငွေကျပ် ၁၅သိန်းနှင့် ပြိုင်ပွဲဝင်အသင်းများအတွက် ဝတ်စုံများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံသည်။ **(အပေါ်ပုံ)**

ထို့အပြင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသည် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတိုင်းတွင် အလှူငွေများကို ပေးအပ်လျက်ရှိသည်ဟုသိရသည်။

ထို့နောက် ဖွင့်ပွဲနေ့ ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပသည်။ ယင်း ပြိုင်ပွဲကို စက်တင်ဘာ၂၉ရက်အထိ နေ့စဉ်မွန်းတည့်၁၂နာရီတွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ကိုးသင်းပါဝင်ယှဉ်ပြိုင်ကြသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

မော်ရင်ဟို ဆိုသည်မှာ ...

ကိုးကားရေးသားသူ-မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၂၅

အေးစက်မာကျောတဲ့ မျက်နှာသွင်ပြင်နဲ့ ခံစားမှုကင်းစွာ အောင်မြင်မှုတွေကို ကျော်ဖြတ်ရယူနိုင်ခဲ့တဲ့ မော်ရင်ဟိုဟာ ပရီမီယာလိဂ်ကို စတင်ရောက်ရှိခဲ့တဲ့ အချိန်ကလဲ ပရိသတ်တွေနဲ့ ပြိုင်ဘက်ကလပ်အသင်းတွေရဲ့ ရင်ကို ဆွဲကိုင်လှုပ်ရမ်းနိုင်ခဲ့သလို ချယ်လ်ဆီးအသင်းက ရုတ်တရက်နုတ်ထွက်သွားတဲ့ အခါမှာလဲ ပရိသတ်တွေနဲ့ ကလပ်အသင်းတွေကို ပါးစပ်အဟောင်းသားဖြစ်အောင် လုပ်ဆောင်သွားခဲ့ပြန်ပြီ ဖြစ်ပါတယ်။

သင်ခန်းစာယူစရာများဖြင့် ပြည့်နေသော ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟို။ (ဓာတ်ပုံ-အင်တာနက်)

ပေါ်တူဂီနိုင်ငံ ဆီတူဘယ်လ်မြို့မှာ ၁၉၆၃ခုနှစ် ဇန်နဝါရီလ ၂၆ရက်က မွေးဖွားခဲ့တဲ့ မော်ရင်ဟိုဟာ ပရီမီယာလိဂ်မှာ ချယ်လ်ဆီးနည်းပြ စတင်ထမ်းဆောင်စဉ်က အသက်၄၀အရွယ်ပဲ ရှိပါသေးတယ်။ အသက်ငယ်ပေမယ့် မော်ရင်ဟိုဟာ အဲ့ဒီအချိန်မှာအောင်မြင်မှု တွေ ရရှိနေပြီဖြစ်တဲ့ နည်းပြတစ်ဦး ဖြစ်နေပါပြီ။

စတင်တာဝန်ယူခဲ့

မော်ရင်ဟိုဟာ နည်းပြဘဝ မရောက်ခင် စပို့တင်းလစ္စဘွန်းနည်းပြ ဘော်ဘီရော့ဘ်ဆင်ရဲ့ စကားပြန်ဘဝနဲ့ စတင်ခဲ့ရသူဖြစ်ပြီး သူရဲ့ထူးခြားတဲ့ အရည်အချင်းတွေကြောင့် နည်းပြဘဝ အထိ ရောက်ရှိခဲ့တာပါပဲ။ နည်းပြဘဝနဲ့ ၂၀၀၀-၂၀၀၁ခုနှစ်အထိ ဘင်ဖီကာအသင်း၊ ၂၀၀၁-၂၀၀၂ ခုနှစ်မှာ လိုင်ရီယာအသင်းတွေကို ကိုင်တွယ်ခဲ့ပြီးနောက်မှာ ၂၀၀၂-၂၀၀၃ခုနှစ်မှာ ပေါ်တူဂီကလပ် ပေါ်တိုအသင်းနည်းပြအဖြစ် စတင်တာဝန်ယူခဲ့ခြင်းဖြစ်ပါတယ်။

လူရွေးချယ်သုံးတတ်

ပေါ်တိုအသင်း နည်းပြဖြစ်လာတဲ့ မော်ရင်ဟိုဟာ ပြတ်သားတဲ့ဆုံးဖြတ်ချက်၊ မှန်ကန်တဲ့နည်းဗျူဟာခင်းကျင်းမှု၊ ပြိုင်ဘက်အသင်းကိုကြည့်ပြီး လူရွေးချယ်သုံးတတ်မှုတွေကြောင့် ပေါ်တိုအသင်းဟာ ပေါ်တူဂီချန်ပီယံနှစ်ကြိမ်၊ ပေါ်တူဂီစူပါဖလားတစ်ကြိမ်၊ ပေါ်တူဂီဖလားတစ်ကြိမ်၊ ယူအီးအက်ဖ်အေဖလားတစ်ကြိမ်နဲ့ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်တို့ကို ဆွတ်ခူး ရရှိခဲ့ပါတယ်။ ဒီလို ပေါ်တိုအသင်းကို အချိန်တိုအတွင်းမှာ ဆုဖလားတွေအများကြီး ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ မော်ရင်ဟိုဟာ အောင်မြင်မှုတွေရရှိခဲ့ပေမယ့် အင်မတန်မှ အရယ်အပြုံးနည်းခဲ့သူဖြစ်တယ်လို့ ဆိုပါတယ်။ ပေါ်တိုအသင်း နိုင်ပွဲတွေရပြီး အောင်မြင်နေတဲ့အချိန်မှာပဲ ရုတ်တရက် အသင်းက နုတ်ထွက်ပြီး ချယ်လ်ဆီး နည်းပြအဖြစ် ရောက်ရှိလုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ **"မိမိဟာ ပေါ်တိုအသင်းထက် ပိုမိုကောင်းမွန်တဲ့အသင်းကို ပြောင်းရွှေ့ခြင်းဖြစ်တယ်"**လို့ ဆိုခဲ့တာကြောင့် ပေါ်တိုကလပ်က တာဝန်ရှိ ပုဂ္ဂိုလ်တွေ စိတ်ထဲကသိကအောင့်ဖြစ်ခဲ့ရတယ်လို့ ဆိုပါ တယ်။

အမြင်ကတ်စရာဖြစ်ခဲ့

၂၀၀၄ခုနှစ် ဇွန်လ ၂ရက်နေ့မှာ ချယ်လ်ဆီးနည်းပြအဖြစ် စတင်လက်ခံခဲ့တဲ့နေ့မှာပဲ ချယ်လ်ဆီး အသင်းကို ဒီနှစ် ပရီမီယာလိဂ် ဖလားရအောင် ယူပေးမယ်လို့ ပြောကြားခဲ့တာကြောင့် မန်ယူနဲ့ အာဆင်နယ်တို့သာ လွှမ်းမိုးထားတဲ့ ပရီမီယာလိဂ်ဖလား ရယူရေး ပြိုင်ပွဲဟာ စတင်လှုပ်ရှားသက်ဝင်လာတော့ တာပါပဲ။ ဒါ့အပြင် **ချယ်လ်ဆီးအသင်းကို ပြိုင်ဘက်တိုင်းက ကြောက်ရွံ့လေးစားသွားစေရမယ်**လို့ ပြိုင်ပွဲတစ်ပွဲမှ မကစားရသေးခင်မှာ ကြွေးကြော်ခဲ့တာကြောင့် ပရိသတ်တွေရဲ့ အမြင်ကတ်စရာ ဖြစ်ခဲ့ရတာပါပဲ။

ဒါပေမယ့်လက်တွေ့ ပရီမီယာလိဂ်ပွဲစဉ်တွေ ကစားတဲ့အခါမှာ ချယ်လ်ဆီးအသင်းဟာ အဲဒီ ၂၀၀၄-၂၀၀၅ခုနှစ်က ၂၉ပွဲနိုင်၊ ရှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေနဲ့ နှစ်၅၀အလှမ်းဝေးကွာနေတဲ့ ပရီမီယာလိဂ်ဖလားကို ချယ်လ်ဆီးအတွက် ရယူပေးနိုင်ခဲ့လို့ အသင်းပိုင်ရှင် အေဗရာမိုဗစ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ ရသလို မော်ရင်ဟိုကို ဝေဖန်နေကြတဲ့ အသံတွေလည်း တိတ်သွားခဲ့ပါတယ်။

အာရုံစူးစိုက်မှုလွန်ကဲ

မော်ရင်ဟိုဟာ ဘောလုံးသမားတွေအပေါ် သူ့အနေနဲ့ ယုံကြည်မှု အပြည့်ရှိကြောင်း နေထိုင်၊ လုပ်ကိုင်ပြတဲ့အပြင် သူ့အပေါ်လည်းလေးစားအောင် လုပ်နိုင်ခဲ့သူပါပဲ၊ ဘောလုံးသမားတွေရဲ့ ပင်ကိုစွမ်းရည်မြင့်မားအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို ပြိုင်ပွဲဝင်နေတဲ့အခါ ပြိုင်ပွဲအပေါ် အာရုံစူးစိုက်မှုလည်း လွန်ကဲသူတစ်ဦး ဖြစ်ပါတယ်။

ဒါပေမယ့်ချယ်လ်ဆီးကို ပြိုင်ဘက်အသင်းတွေက ရှိန်နေအောင် ကြိုးစားနိုင်ခဲ့တဲ့ မော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်းမှာ**"သူဟာမရှိရင်မဖြစ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ"**လို့ ပြောလာတဲ့အထိ ဖြစ်လာခဲ့တဲ့အတွက် အသင်းပိုင်ရှင် အေဗရာမိုဗစ် သိပ်တော့ ဘဝင်မကျဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့်လည်းမော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်းကို ပွဲတိုင်းနီးပါးနိုင်ပွဲရအောင် စွမ်းဆောင်ပေးနေတဲ့ နည်းပြတစ်ဦး ဖြစ်နေတာကြောင့် အသင်းအောင်မြင်ရေးအတွက်ပံ့ပိုးမှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။

ခပ်ထေ့ထေ့စကားဆိုခဲ့

နောက်ပြီး ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်နဲ့ ပတ်သက်လို့လည်း**"မိုဗစ်ဟာ အသင်းပိုင်ရှင်တစ်ဦးပါ၊ အားကစားသမားခေါ်ယူရေးနဲ့ပတ်သက်ပြီး အကြံပြုနိုင်ပေမယ့် ကစားသမားတွေရဲ့ ခြေစွမ်း၊ ခြေစအပေါ် ပွဲထွက် ကစား စေတာကအစ အသင်းရလဒ်ကောင်းအောင်ကျွန်တော့်လောက် ဆုံးဖြတ်ခွင့် မရှိသူပါ "**လို့ ခပ်ထေ့ထေ့ စကားမျိုးတွေလည်း ဆိုခဲ့ပြန်ပါတယ်။

မော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်း အောင်မြင်မှုအတွက် အရေးပါတဲ့သူတစ်ဦးတော့ မှန်ပါတယ်။ ဒါပေမယ့် အသင်းပိုင်ရှင် အေဗရာမိုဗစ်ဟာ ချယ်လ်ဆီး အတွက် ပေါင်သန်း ၅၀၀ လောက် ရင်းနှီးမြှုပ်နှံထားသူ တစ်ဦးပါ။ နောက်ပြီး ဖော်ဘစ်မဂ္ဂဇင်းက ဒီနှစ် ထုတ်ပြန်ထားတဲ့ ရုရှားနိုင်ငံရဲ့ အချမ်းသာဆုံး ပုဂ္ဂိုလ်၁၀၀ထဲမှာ အေဗရာမိုဗစ်က အမေရိကန်ဒေါ်လာ ၁၉ဒသမ ၂ဘီလီယံနဲ့ ထိပ်ဆုံးနေရာက ရပ်တည်နေသူတစ်ဦး ဖြစ်ပါတယ်။

ဒီလိုပုဂ္ဂိုလ်မျိုးကို မော်ရင်ဟိုအနေနဲ့ ဝေဖန်စကားတွေဆိုခဲ့တာဟာလည်းမဖြစ်သင့်တဲ့ အရာပါပဲ။ နောက်ပြီး **"အေဗရာမိုဗစ်ကအသင်းအတွက် အရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်ပေမယ့် ကျွန်တော်က အသင်းအတွက် အရေးအပါဆုံးပုဂ္ဂိုလ်ဖြစ်လို့ ကျွန်တော့်ကို နည်းပြအဖြစ်မှ ဘယ်သူမှ ထုတ်လို့မရဘူး"**လို့ ဆိုခဲ့တာကလည်း မော်ရင်ဟိုဟာ မိမိကိုယ်ကို အထင်ကြီးလွန်းတဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။

ဒီလိုစကားမျိုးကို ပြိုင်ဘက် နည်းပြတွေနဲ့ပတ်သက်ပြီး မော်ရင်ဟို ပြောကြားခဲ့တာတွေလည်းရှိပါတယ်။ ပရီမီယာလိဂ်ကို ရောက်ပြီး ချယ်လ်ဆီးကို ပရီမီယာလိဂ်ဖလား ရယူပေးနိုင်ခဲ့တဲ့ အပြင် ဒုတိယနှစ်မှာလည်း ပြိုင်ဘက်အသင်းတွေကို နိုင်ပွဲတွေဆက်တိုက် ရယူပေးနိုင်နေတဲ့ အချိန်မှာ မော်ရင်ဟိုက **"ပရီမီယာလိဂ် နည်းပြတွေထဲမှာ ကျွန်တော်နဲ့ တန်းတူပြိုင်ဘက် နည်းပြတွေမရှိတော့ဘူးလို့တောင် ဆိုရမလိုဖြစ်နေပါတယ်"**လို့ ခပ်ကြွားကြွား ပြောကြားချက်တွေကလည်းပရီမီယာလိဂ် နည်းပြတွေအတွက် အခံရခက်စရာတွေ ဖြစ်ခဲ့ရ ပါတယ်။

စပယ်ရှယ်ဝမ်း

နောက်ပြီး သူဟာ **စပယ်ရှယ်ဝမ်း အဖြစ် ရပ်တည်နေတဲ့သူတစ်ဦးပါ**လို့ ပြောကြားခဲ့တာကလည်း လိုတာထက် ပိုပြောခဲ့တဲ့ အစွန်းရောက်စကားတွေပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ မန်ယူနည်းပြ ဖာဂူဆန်က **"မော်ရင်ဟိုဟာ သူများတွေစီက သင်ခန်းစာယူတတ်သူ တစ်ဦးမဟုတ်ဘူး"**လို့တောင် ပြောကြားရတဲ့အထိ ဖြစ်ခဲ့ပါတယ်။

သာလွန်

တကယ်တမ်းဆိုရင် မန်ယူနည်းပြဖာဂူဆန်က မန်ယူမှာနည်းပြလုပ်နေတာ ၂၁နှစ်ရှိပြီ ဖြစ်ပါတယ်။ မန်ယူအသင်းကို စိတ်ဓာတ်ရေးရာတက်ကြွလာအောင်၊ ညီညွတ်မှု ရှိအောင်နဲ့ စည်းကမ်းဖောက်ဖျက်ရင် တိတိကျကျ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်တဲ့နေရာမှာ မော်ရင်ဟိုထက် သာလွန်ကောင်းမွန်ပါတယ်။

ဖာဂူဆန်က အသင်းကို မိသားစုဆန်ဆန် တည်ဆောက်ထားပေမယ့် မော်ရင်ဟိုကတော့ ပြိုင်ပွဲအနိုင်ရလိုတဲ့ ရမ္မက်စိတ် ရိုက်သွင်းပြီး တွန်းအားပေး ကစားခိုင်းခြင်း ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်း အောင်မြင်မှုရအောင် မော်ရင်ဟို ကြိုးစားခဲ့တာကတော့ ချီးကျူးစရာဖြစ်ပေမယ့် နုတ်ထွက်ရမ်းမှုကတော့ အပြစ်ဆိုစရာ ဖြစ်ခဲ့ရတာပါပဲ။

အောင်မြင်မှုကို နည်းလမ်းရှာဖွေအသုံးပြုနိုင်တဲ့ သူတစ်ဦးဖြစ်ပေမယ့် မော်ရင်ဟိုဟာ အပြောအဆိုမှာတော့ ဆင်ခြင်တုံတရား အားနည်းတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ အလုပ်ကို ချိန်ဆလုပ်တတ်မှု၊ ပြောတဲ့အတိုင်း ဖြစ်အောင် လုပ်တတ်သူတစ်ဦး ဆိုပေမယ့် အောင်မြင်မှုအပေါ် သတိလက်လွတ်ဖြစ်တတ်တာတော့ သတိထား ဆင်ခြင်ရမယ့် အရာတွေပါပဲ။

ချန်မထားနိုင်

ချယ်လ်ဆီးပရိသတ်တွေရဲ့ လက်ခုပ်သံတွေကို ခံယူချင်လို့၊ ဆုဖလားတွေ ရယူပေးချင်လို့ ချယ်လ်ဆီးကို ရောက်ရှိလာသူပါလို့ဆိုခဲ့တဲ့ မော်ရင်ဟိုဟာ ချယ်လ်ဆီးက ထွက်ခွာခဲ့ပြီးတဲ့နောက်မှာ သူဖြစ်စေချင်တဲ့ အောင်မြင်မှုတွေကို ချယ်လ်ဆီးအသင်းမှာ ချန်မထားနိုင်ခဲ့ပါဘူး။

သင်ခန်းစာယူစရာ

မော်ရင်ဟိုဟာ ချယ်လ်ဆီးကို ပရီမီယာလိဂ် ဖလားနှစ်လုံး၊ အက်ဖ်အေဖလားတစ်လုံး၊ ကွန်မြူနတီဒိုင်း တစ်ခု ရယူပေးနိုင်ခဲ့တဲ့ နည်းပြကောင်း တစ်ဦး ဖြစ်ပေမယ့် အပြောအဆို ဆင်ခြင်မှု အားနည်းတဲ့အတွက် သူနဲ့ထိုက်တန်တဲ့ ပေးဆပ်မှုကိုခံယူသွားရတာ ကတော့ သင်ခန်းစာ ယူစရာပါပဲ။ အောင်မြင်မှုဟာ ကြိုးစားရင်ရနိုင်ပေမယ့် ဆင်ခြင်တုံတရားရှိမှုကတော့ သတိနဲ့ ထိန်းသိမ်းသွားမှ ရတဲ့သဘောပါ။ ဒါကြောင့်မို့လို့ ချယ်လ်ဆီးရဲ့ တစ်ချိန်က မော်ရင်ဟိုဟာ လေးစားစရာ၊ အတုယူစရာကောင်းသလို သင်ခန်းစာယူစရာလည်း ကောင်းသူ တစ်ဦးဖြစ်တဲ့အကြောင်း တင်ပြလိုက်ပါတယ်။ **(ကိုးကား-အင်တာနက်)**

အာဆင်နယ်၌ အွန်နရီမရှိတော့သော်လည်း အောင်မြင်မှုရနိုင်ကြောင်း ဖာဘရီဂတ်ပြောကြား

ကွင်းလယ် ကစားသမား ဖာဘရီဂတ်။ (ဓာတ်ပုံ-အင်တာနက်)

စုစည်းတင်ပြသူ-မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၂၅

အာဆင်နယ် အသင်းမှ အွန်နရီ ထွက်ခွာသွားသော်လည်း အာဆင်နယ်အသင်းသည် အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့ကြောင်းကွင်းလယ်ကစားသမား ဖာဘရီဂတ်က ပြောကြားသည်။

ရောက်ရှိ

အွန်နရီ ထွက်သွားခြင်းကြောင့် အာဆင်နယ်အသင်းသည် ရုန်းကန်ကြိုးစားရလိမ့်မည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ခဲ့ကြသော်လည်း ယခုအခါ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အွန်နရီသည် မိမိတို့ကိုခြိမ်းခြောက်ခဲ့ကြောင်း၊ ၎င်းသည် အလွန်တော်သည့် တိုက်စစ်မှူးတစ်ဦးဖြစ်ကြောင်း၊ သို့ရာတွင် အလွယ်တကူ အသင်းကို အောင်မြင်မှုရအောင် လုပ်ပေးခဲ့ခြင်း မရှိကြောင်း အသက် ၂၀အရွယ်ရှိ ဖာဘရီဂတ်က ပြောကြားသည်။

အာဆင်နယ်အသင်း အောင်မြင်ရေးအတွက် အွန်နရီအပေါ် မှီခိုနေခြင်း မရှိသည်မှာ လက်တွေ့မြင်တွေ့နေရပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ဖာဘရီဂတ်သည် ယခုနှစ်ရာသီတွင် အာဆင်နယ်အသင်း၌ အွန်နရီ ရှိစဉ်ကထက် ပို၍ခြေစွမ်းပြကစားလာပြီး ပွဲပေါင်းကိုးပွဲ ကစားခဲ့ရာ ခြောက်ဂိုး သွင်းယူပေးထားနိုင်ခဲ့သည်။ **(အင်တာနက်)**

တိုက်စစ်မှူးမိုက်ကယ်အိုဝင် ဒဏ်ရာခွဲစိတ်ခံရဖွယ်ရှိ

ပေါင်ခြံဒဏ်ရာ ရထားသော တိုက်စစ်မှူး မိုက်ကယ်အိုဝင် (ဝဲ)အား နည်းပြများနှင့်အတူ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၂၅

အင်္ဂလန် တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ပေါင်ခြံခွဲစိတ်ခံရဖွယ်ရှိကြောင်း နယူးကာဆယ်နည်းပြ ဆမ်အလာဒိုက်စ်က ပြောကြားသည်။ အသက်၂၇နှစ်ရှိ မိုက်ကယ်အိုဝင်သည်ယင်းဒဏ်ရာအတွက် ဓာတ်မှန်ရိုက် စစ်ဆေးလျက်ရှိရာ အကယ်၍ ခွဲစိတ်ခံရလျှင် သုံးပတ်မှခြောက်ပတ်အကြား ပြိုင်ပွဲများနှင့်လွဲမည်ဟုဆိုသည်။ မိုက်ကယ်အိုဝင်သည် စက်တင်ဘာ ၂၃ရက်က ဝက်စ်ဟမ်းအသင်းကို နယူးကာဆယ်က သုံးဂိုး-သုံးဂိုးဖြင့် သရေပွဲဖြစ်ခဲ့ရာတွင် လူစားလဲကစားခဲ့ရသည်။ ၎င်းသည် အောက်တိုဘာလတွင် အင်္ဂလန်အသင်း၌ ကစားပေးမည့် ယူရို ခြေစစ်ပွဲအတွက် သံသယဖြစ်နေသည်။

သွင်းယူပေး

၎င်းသည် ၂၀၀၆ကမ္ဘာ့ဖလားတွင် ရရှိခဲ့သော ဒူးခေါင်းအရွတ် ဒဏ်ရာကြောင့် ၂၀၀၆-၂၀၀၇ဘောလုံးရာသီအတွင်း ပြိုင်ပွဲများနှင့်လွဲခဲ့ရသည်။ ယခုနှစ်အတွင်း ပြန်လည်ကစားနိုင်ခဲ့ရာ နိုင်ငံနှင့် နယူးကာဆယ်ကလပ်အသင်းတို့ အတွက် ငါးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ (အင်တာနက်)

အာဆင်နယ်အသင်း ကွင်းသစ်ပြောင်းပြီးနောက် ဝင်ငွေပေါင် သန်း ၂၀၀ကျော်ရရှိ

လန်ဒန် စက်တင်ဘာ ၂၅

အာဆင်နယ် အသင်းသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံစရာ မလိုဘဲ ဗြိတိသျှ ဘောလုံး အသင်းများထဲတွင် အချမ်းသာဆုံး အနေ အထားသို့ ရောက်ရှိနေသည်။

ပြောင်းရွှေ့

အာဆင်နယ် အသင်း အီးမရိတ် ကွင်းသစ်သို့ ပြောင်းရွှေ့ ကစားပြီးနောက် ဝင်ငွေပေါင် သန်း ၂၀၀ရရှိခဲ့သည်။

ပေါ်ထွက်လာ

မိမိတို့အသင်းတွင်ကစားသမားများ အလုံအလောက် ရရှိထားပြီး ဖြစ်ကြောင်း၊ နွေရာသီတွင် ကစားသမားများ ထပ်ခေါ်လျှင် နည်းပြ အာစင်ဝင်းဂါးသည် ၎င်း၏ဘတ်ဂျက်ကို မှီခိုနေစရာ မလိုတော့ကြောင်း အာဆင်နယ်အသင်း မန်နေဂျင်းဒါရိုက်တာအီဒယ်မန်းက ပြောကြားသည်။ အာဆင်နယ် အသင်းအား ရုရှားသူ ဒေးယူစမာနော့ဗ်က ၎င်း၏ ရှယ်ယာကို ၂၁ ရာခိုင်နှုန်းအထိ မြှင့်တင်လိုက်ပြီးနောက် အသင်းကိုလွှဲပြောင်းရယူမည်ဖြစ်ကြောင်း ကောလာဟလသတင်းများ ပေါ်ထွက်ခဲ့သည်။ **(အင်တာနက်)**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ကျိုက်ထိုမြို့၊ မွန်ပြည်နယ် (ကြေညာချက်)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ ၂၀၀၆–၂၀၀၇ခုနှစ် ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၁–၁၀–၂၀၀၇ရက် ရုံးချိန်အတွင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး ကင်ပွန်းစခန်း၌ တင်ဒါလက်ခံမည်ဖြစ်ပြီး ၂–၁၀–၂၀၀၇ရက် နံနက် ၁၀နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၁။ ရွှေလှောင်စက္ကူ(မြေခွံအိတ်ဖြင့်)	–	၁၁၉ အိတ်
၂။ ကန်မြေ(မြေခွံအိတ်ဖြင့်)	–	၅၉ အိတ်
၃။ သုတ်ဖတ်(ကြောင်ချေး)(မြေခွံအိတ်ဖြင့်)	–	၄ အိတ်
၄။ ရွှေပန်းချီအသုံးပြုသည့်အင်္ကျီ၊ပုဆိုး၊လက်သုတ်ပဝါ	–	၁ ထုပ်

ကျိုက်ထီးရိုးစေတီတော်
ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့
ကင်ပွန်းစခန်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၆၆၀၈ Chin Dwin Star Double Cab P/U ယာဉ်လက်ဝယ်ရှိသူအမည် ဦးမောင်မောင် မှတ်ပုံတင်အမှတ် ၁၁/မပတ(နိုင်) ၀၂၅၄၉၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(အရှေ့ပိုင်းခရိုင်ရုံး)၊ရန်ကုန်မြို့။**

သန့် အကောင်းကြိုက်သူများအတွက်
စပါယ်ရှယ်ပေါ်ဆန်းမွှေး၊တောင်ပျံမွှေး၊ပဲသီမွှေး၊ ပေါ်ကျွဲ၊ ဇီယာရှယ်၊ ဘာစမာတီ၊ ရှမ်းဆန်၊ ကောက်ညှင်း ၁၂ပြည်၊၂၄ပြည်အိတ်များကို ဖုန်းဖြင့်မှာကြားလျှင် အိမ်အရောက်ပို့ပေးပါသည်။
အမှတ်(၅၂)၊ယုဇနလမ်း၊ဘုရင့်နောင်၊ပွဲရုံတန်း(ရိုးမဘဏ်အနီး)
၆၈၁၂၀၉၊ ၆၈၁၂၇၄၊ ၆၈၁၅၀၄၊ ၀၉–၉၉၂၈၁၆၃

Golden Hope
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ငှားရန်
ကားမျိုးစုံ အဆင်သင့်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
Ph: 295556, 703220

ကားအမြန်ရောင်းမည်
Taxi (CNG)
တိုယိုတာ ကိုရိုလာ
GL 1.3 ဆလွန်း
ဘ/––– ၈၂
ဖုန်း–၅၀၅၃၂၅။

ပြည်ပကုန်သွယ်မှုကို ဂဃနဏ သိလိုသူများအတွက် •••
ပြည်ပပို့ကုန်နှင့်သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း
Guide to Exporting and Importing Course
Section A - 29/9
B - 2/10 } နေ့များတွင်စမည်
အလင်းသစ်စာပေ
အခန်း (၄၀၄) တိုက် (၆)၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်။
စုံစမ်းရန် - ဖုန်း–၂၀၂၅၂၂၊ လိုင်းခွဲ–၂၅၄၊ ၀၉–၅၁၁–၀၀၀၄

ကျေးဇူးဆပ်ပါမည် ကျွန်တော်၏ Passport အမှတ်–၆၆၈၈၂၀သည် ပျောက်ဆုံးသွားပါ၍တွေ့ရှိက ပြန်လည်ပေးပို့ပါ။
မောင်ခင်ဇော် ဖုန်း–၂၉၁၁၀၆။

ဦးဇော်မျိုးအောင်
BE [Civil]
2008 ရူပဗေဒ စာမေးပွဲလမ်းညွှန်
ဒါဝဲကြည် အမှတ်(၁၀၀)မိုး ကျက်တီ
ဖြန့်ချိရေး---09 510 5614, 09 515 3319

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါနှင့်အရေးသီးသန့်
...အလုပ်ခွင်ရောက်သူ၊PSC ဖြေဆိုသူ မဖြစ်မနေတက်ပါ။
အောက်တိုဘာလ(၃/၆)ရက်နေ့(ပ/ဒုတွဲ)တန်းခွဲသစ်ဖွင့်မည်။
အမှတ် ၂၇၇၊ ပန်းဆိုးတန်းလမ်း၊ခုံးတံတားထိပ်၊ ရန်ကုန်မြို့
Ph: 286871, 09 51 72096

ဖျူးရွှေကျင်မြောက်ကျောင်းတရားစခန်းသိမ်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

ဆဋ္ဌမအကြိမ်မြောက် ဖြူးမြို့ ရွှေကျင်မြောက်ကျောင်း တရားစခန်းသိမ်းပွဲကို စက်တင်ဘာ ၂၃ရက် ည ၈နာရီက အဆိုပါ တရားစခန်း၌ကျင်းပရာ တရားစခန်း ဩဝါဒါစရိယ ရွှေကျင်မြောက်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဦးဝိသုဒ္ဓက ဩဝါဒကထာချီးမြှင့်ပြီး တရားစခန်း ပင်တိုင်ကမ္မဋ္ဌာနာစရိယ တရားပြ ဆရာဦးသန်းစိုး(နာရဏီသိမ်တော်၊ ပဲခူး)က ဆုံးမဩဝါဒစကားပြောကြားသည်။ယင်းနောက် တရားစခန်း ကော်မတီဥက္ကဋ္ဌ ဦးသက်စိန်က စခန်းသိမ်းနှုတ်ခွန်းဆက်စကားပြောကြားပြီး ယောဂီများကိုယ်စား ဦးမျိုးညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်လှစ်

တရားစခန်းတွင် ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရားနှင့် ဝိပဿနာတရားတော်များကို စာတွေ့၊ လက်တွေ့ ပို့ချသင်ကြားခဲ့သည်။ သတ္တမအကြိမ်မြောက် တရားစခန်းကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

စာကြည့်တိုက်မှတ်ပုံတင် ရွှေပြည်သာမြို့နယ်တွင်ပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲ အခမ်းအနားကို အမှတ်(၉)ရပ်ကွက် ရတနာပုံစာကြည့်တိုက်တွင် စက်တင်ဘာ ၁၈ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်မြအေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် ရန်ပုံငွေရရှိရေးကို ဆွေးနွေးပြီးနောက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာကြည့်တိုက်မှတ်ပုံတင်များပေးအပ်ရာ တာဝန်ခံများကလက်ခံယူကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သန်လျင် ကျိုက်ဒေးယျံ ဂုဏ်ပူဇော်ဓမ္မသဘင်

ရန်ကုန် စက်တင်ဘာ ၂၅

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဥတ္တရ အရှင်သူမြတ်အား ၂၀၀၇ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက "ဓမ္မကထိက ဗဟုဇနဟိတဓရ" ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခံရ၍ တပည့်ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲတွင် ဓမ္မပူဇာသဘင်ပြုလုပ်မည်ဖြစ်ရာ အောက်တိုဘာ ၃ရက်ည သာကေတ ဆင်ဖြူတောင် ဆရာတော် ဘဒ္ဒန္တဂုဏိန္ဒ (သာသနဓဇ ဓမ္မာစရိယ)ကလည်းကောင်း၊ ၄ရက်ည အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)ကလည်းကောင်း၊ ၅ရက်ည အလိုတော်ပြည့်ဆရာတော် ဒေါက်တာ အရိယဝံသ(အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)က လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်များ ဟောကြားမည်ဟုသိရသည်။ (၃၅၂)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် တော်သလင်းလပြည့်နေ့ (ဥပုသ်နေ့)
၂၆–၉–၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဟောကြားတော်မူအပ်သော "ငါးပါးသီလအခါတော်နေ့ တရားတော်"
၈:၀၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၁၅ ၆။ အတီးပြိုင်ပွဲ
၈:၃၀ ၇။ International News
၈:၄၀ ၈။ Islands of Dhamma
၈:၄၅ ၉။ ဘဒ္ဒန္တ ဇာဂရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋက ကောဝိဒ)၊တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ကလေးဝတောရကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက(၁)သာကေတ] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၆:၅၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (မြန်မာစာအထူးပြု) [မြန်မာစာ]
၁၇:၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၀ ၆။ သီချင်းကြီးပဒေသာ
၁၇:၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၅ ၁၂။ လွင်မိုး ခရီးသွားနေသည်
၁၉:၃၀ ၁၃။ **၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင် ဒုတိယတန်းအဆင့်] (အမျိုးသား)**
၁၉:၄၅ ၁၄။ လှည့်လည်ပူဇော်ပေါင်းတည်မြတ်စွယ်တော်
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ Franz Hararay's Magic Planet
၁၉။ **၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ဖျော်ဖြေတင်ဆက်မှုအစီအစဉ်၊ အကဲဖြတ်အဖွဲ့ဝင်များနှင့် မျိုးဆက်သစ်အနုပညာရှင်များ၏ လက်ဆင့်ကမ်းဝေ မျိုးဆက်အမွေ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်**
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ထီးချိုင့်မြို့နယ်၌စပါးခင်းများအတွင်းငါးမျိုးစိုက်ထည့်

ရန်ကုန် စက်တင်ဘာ ၂၅

ကသာခရိုင် ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးပြီး ၂၀၀၇–၂၀၀၈ခုနှစ်အတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၆ရက် နံနက် ၈နာရီက တည်တောကျေးရွာအုပ်စု သခွတ်ချောင်ကျေးရွာ တောင်သူ ဦးဉာဏ်ကြီး ကွင်းအမှတ် ၈၂၆ စပါးစိုက်ခင်း ၉ ဧကတွင် ရွှေဝါငါးကြင်းကောင်ရေ ၈၀၀၊ တီလားပီးယားကောင်ရေ ၂၂၀၀၊ တည်တောကျေးရွာ တောင်သူ ဦးမြသောင်း ကွင်းအမှတ် ၈၂၆ စပါးစိုက်ခင်း ၅ဧကတွင် ရွှေဝါငါးကြင်းကောင်ရေ ၁၂၀၀၊ တီလာပီးယားကောင်ရေ ၁၃၀၀ ငါးမျိုးစိုက်ထည့်ခြင်း ဆောင်ရွက်ခဲ့ကြသည်။

ထီးချိုင့်မြို့နယ်အတွင်း ၂၀၀၇–၂၀၀၈ခုနှစ်အတွက် စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို တည်တောကျေးရွာအုပ်စု၊ အလယ်တောကျေးရွာအုပ်စုများတွင် စပါးစိုက်ခင်း ၇၅ဧက၌ ရွှေဝါငါးကြင်းကောင်ရေ ၁၅၀၀၀၊ တီလားပီးယားကောင်ရေ ၂၂၅၀၀ စုစုပေါင်း ၃၇၅၀၀စိုက်ထည့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကနယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက်က အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဟန်စုနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး ဟုမ္မလင်း၌ ခြင်ဆေးဖျန်း

ရန်ကုန် စက်တင်ဘာ ၂၅

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် အဖွဲ့ပိုင် မြို့မဈေး၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့် လူနေရပ်ကွက်များအတွင်း ဒု–ဦးစီးမှူး (အခွန်) ဦးကြည်ထွေး ဦးဆောင်၍ စက်တင်ဘာ ၉ ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စစ်တွေမြို့နယ် ဂန့်ဂေါ်ကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာအလင်းပြ စာကြည့်တိုက် အဆောက်အအုံသစ်ကို ဩဂုတ် ၈ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးလွင်၊ စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကျော်စိန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဦးကျော်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မြတ်ပညာ ငွေစုငွေချေး သမဝါယမအသင်း အစုရှယ်ယာဆိုင်ရာ နှစ်ပတ်လည်စည်းဝေး အသင်းသားများ စုဆောင်းငွေ အတိုးခွဲဝေ

မုဒုံ စက်တင်ဘာ ၇

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၀၆–၂၀၀၇ ခုနှစ် အစုရှယ်ယာဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက်က စာစင်လမ်းမကြီးရှိ အခြေခံပညာမူလတန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖတ်ကြားတင်သွင်း

အခမ်းအနားတွင် မြတ်ပညာ ငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးမျိုးလွင်၊ သမဝါယမ ဦးစီးဌာန ဦးစီးမှူး ဦးငွေသိန်းနှင့် မြို့နယ်ပညာရေးမှူး ဦးတင့်ဇော်ထူးတို့က အမှာစကားပြောကြားကြပြီး ၂၀၀၆–၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်လုပ်ငန်း အစီရင်ခံစာကို သမဝါယမ ဦးစီးဌာနမှ ဦးသက်ထွန်းက ရှင်းလင်းတင်ပြပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်မြအေးက ဖတ်ကြားတင်သွင်းသည်။

ရွေးချယ်

ထို့နောက် အမှုဆောင်အသစ် ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် အတွင်းရေးမှူး ဦးမင်းသောင်းဟန်တို့ ပါဝင်သော အမှုဆောင် ၁၀ဦးနှင့်စာရင်းစစ်နှစ်ဦးတို့အား ရွေးချယ်တင်မြှောက်ကြသည်။

ခွဲဝေပေး

မြတ်ပညာ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၆–၂၀၀၇ခုနှစ် အသင်းသူအသင်းသားများအား စုဆောင်းငွေအပေါ် အတိုးရငွေကျပ် ၈၈၃၄၁၀ကို အသင်းသားများအား ခွဲဝေပေးကြသည်။ (၃၃၀)

အလှူရှင်စက်ရေတွင်းများ ကောင်းမွန်ရေးဆောင်ရွက်

မတ္တရာ စက်တင်ဘာ ၇

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးသည့် ကျေးရွာများအနက် သရက်ကန်တောင် ကျေးရွာရှိ နှစ်လက်မ အလှူရှင်စက်ရေတွင်းသို့ ဩဂုတ် ၃၀ ရက်က မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည်စိုးဝင်းကျော်နှင့် စက်မောင်း(၅) ဦးကျော်မျိုးဦးတို့ စက်ရေတွင်း ပုံမှန်လည်ပတ်မှုရှိ မရှိ၊ ကြံ့ခိုင်မှု ရှိ မရှိနှင့် ရေထွက်နှုန်းကောင်းမွန်မှု ရှိမရှိ တို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

မြို့ရေပေးရေး

စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ဩဂုတ် ၂၅ ရက်က မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးကျော်မြင့်လွင်ဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ် မင်းတပ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြ နွေလုံး၊ စံပြရပ်နှင့် ခေါနူးမသုန်လမ်းကတ္တရာခင်းရန် ကျောက်များ စုဆောင်းထားမှုကို ဩဂုတ် ၂၆ရက်က ချင်း ပြည် နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြန်/ဆက် ဦးစီးဌာန ညွှန်ကြားရေးမှူး စာကြည့်တိုက်များ ဆောက်လုပ်ပြီးစီးမှုကြည့်ရှု စာပေဖတ်ရှုမှု အကျိုးကျေးဇူးများဟောပြော

နေပြည်တော်လယ်ဝေး စက်တင်ဘာ ၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် နေပြည်တော်လယ်ဝေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများလိုက်ပါလျက် ဩဂုတ် ၁၈ရက် နံနက်က နေပြည်တော် လယ်ဝေး မြွေရိုးလေးရွာ လူငယ့်အားမာန်စာကြည့်တိုက်နှင့် ငှက်ပျောတောရွာ ပန်းတိုင်သစ် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှုများကို ကွင်းဆင်းကြည့်ရှု၍ လိုအပ် သည်များ မှာကြားဆွေးနွေးသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံများမှာ ဦးတင့်ဆန်း (အေစီအီး ဆောက်လုပ်ရေးကုမ္ပဏီ)က မတည်လှူဒါန်းငွေနှင့် ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်ကြသည်။

ဟောပြော

ဆက်လက်၍ ပတ္တာစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာ ညွှန့်ဟံ(ကြူတော)နှင့် သန်းထွန်း(ပြန်/ဆက်)တို့က စာပေလေ့လာဖတ်ရှုရမှု၏ အကျိုးကျေးဇူးများကို ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့ အမှတ် (၂)ဈေးပတ်ဝန်းကျင် ရေမြောင်းများတွင် သွေးလွန်တုပ်ကွေး ရောဂါကာကွယ် တားဆီးရေးအတွက်ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို စက်တင်ဘာ ၃ ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်လမ်း ဂဝံကျောက်များခင်း

တာလေ စက်တင်ဘာ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်သည် တာလေမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရန်ကင်းကျေးလက်လမ်း ဂဝံကျောက်များခင်းခြင်းကို ဩဂုတ် ၂၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထိုက်တို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလပြည့်ကျော် ၁ ရက်
၂၇–၉–၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (အထည်ချုပ် လုပ်ငန်းနှင့် ဒီဇိုင်နာ၏ အခန်းကဏ္ဍ)

၁၁း၃၅ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) မီးငယ်လေးဖတ်ဖို့(၅) (သဲအောင်)
(၂) အမှုအယာ အနုပညာ (ယဉ်မင်းဦး–ဆေးတက္ကသိုလ်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရဖြစ်မှု ရှာပုံတော်– ပထမပိုင်း–မောင်ဆုရှင်)

၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ဆီထမင်း၊ ငါးခြောက်ကြော်နှင့် ငှက်ပျောသီးကြော်)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ယောကျ်ားတွေအကြောင်း သိပါတယ် (ချစ်စပယ်)
(၂) ယောကျ်ားတိုင်းမဟူ (မောင်သိန်းဆွေ)

၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အထုပ်မှားသူ)

၁၉း၄၀ ဟန်မျိုးစုံညီ တေးကိုသီ (ပန်းတံတား)
(၁) စန္ဒရားချစ်ဆွေ– အေဝမ်းတင်တင်လှ
(၂) ရာဇာဝင်းတင့်–မေဆွိ
(၃) ဗညားဟန်–ရွှေရည်သိန်းတန်

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ရေကြည်မလေးစမ်း (စောင်း–သိန်းဖေ)
(၂) မြပုဏ္ဏမာ (တင်တင်မြ)
(၃) ဘ၀ဆက်တိုင်း မဆုံရသည့်တိုင် (မောင်မောင်ညွန့်)

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းနှင့် လမ်းပခုံးများပြုပြင်ခြင်းကို ဩဂုတ် ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မော်ကျွန်း ရွှေပြည်အေးဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အလှူငွေ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်း

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၀

မော်လမြိုင်ကျွန်းမြို့ ရွှေပြည်အေး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အလှူငွေ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၆ရက် နံနက် ၈နာရီက ရွှေပြည်အေးဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။

လျှောက်ထား

အခမ်းအနားတွင် ရွှေပြည်အေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဇဝနက သြဝါဒကထာ ချီးမြှင့်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး မြို့နယ်စီမံကိန်း ဦးစီးဌာန ဦးစီးအရာရှိ ဦးရဲနိုင်ဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

လှူဒါန်း

ထို့နောက် ရွှေပြည်အေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တဇဝနအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး ရွှေပြည်အေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အတွက် အလှူငွေကျပ် ငါးသောင်း၊ ကျောင်းသုံးဗလာစာအုပ် ဒါဇင်၁၀၀နှင့် ကျောင်းသုံးခဲတံဒါဇင်၁၀၀တို့ကိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်ဝင်းက ပေးအပ်လှူဒါန်းရာရွှေပြည်အေးကျောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မောင်နှင့် ဆရာမများက လက်ခံယူကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၉၇)

အမြို့မြို့ အနယ်နယ် သတင်းများ

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျိုက်ပေါ်- မဲဇလီမြောင်- မရမ်းချောင်း ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်မှုကို သြဂုတ် ၁၆ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာဦးမျိုးမင်းသန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အုတ်တွင်းမြို့နယ် သီဟရာဇ စာကြည့်တိုက် အဆောက်အအုံဖွင့် ရေရှည်တည်တံ့ရေး ဆောင်ရွက်ရန် ဆွေးနွေး

အုတ်တွင်း သြဂုတ် ၃

ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဆိပ်ဖူးကုန်းကျေးရွာ သီဟရာဇကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်နှင့်အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ရက်က ဆိပ်ဖူးကုန်း ကျေးရွာ၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင်မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကျော်အေးတို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ဦးစီးမှူး ဦးစိုးကြိုင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေး နှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက် ဆောင်ရွက်ရန်များကို ဆွေးနွေးသည်။

ထို့နောက် စာအုပ်နှင့် အလှူငွေများပေးအပ်ရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကျော်အေးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မလှိုင် စာပန်းအိမ်စာကြည့်တိုက် အဆောက်အအုံဖွင့် သုတ၊ ရသနှင့် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်း

မလှိုင် သြဂုတ် ၁၅

မလှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ အိုင်မရိုး ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၇ရက်က အိုင်မရိုး ကျေးရွာစာပန်းအိမ် စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ စာပန်းအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် မိတ္ထီလာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမောင်မောင်အုန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တည်တံ့ရေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြောသည်။

ဆက်လက်၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပေးပို့လှူဒါန်းသော သတင်းစာ စာအုပ်များကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းက အိုင်မရိုးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင့်လွင်ထံသို့လည်းကောင်း၊ မြို့နယ် ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က အိုင်မရိုးကျေးရွာ၊ သီးပင်ကုန်းကျေးရွာ၊ ကျောက်တွင်း ကျေးရွာစာကြည့်တိုက်များအတွက်သုတ၊ ရသနှင့် ဂျာနယ်မျိုးစုံတို့ကို ကျေးရွာဥက္ကဋ္ဌများသို့ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။**(မြို့နယ် ပြန်/ဆက်)**

ကျောက်ပန်းတောင်းဆန္ဒမွန်စာကြည့်တိုက် အဆောက်အအုံဖွင့် သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ကျောက်ပန်းတောင်း စက်တင်ဘာ ၁၅

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် မြင်သာတောင် ကျေးရွာအုပ်စု မြင်သာတောင်ရွာ၏ဆန္ဒမွန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၉ရက် နံနက် ၁၀နာရီခွဲက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်၊ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်အုန်းမြင့်နှင့်ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ဝင်းဌေးနှင့် အဖွဲ့ဝင်များ၊ အဆောက်အအုံအလှူရှင် ဦးမြသန်း-ဒေါ်ခင်စုမိသားစုနှင့် ရပ်မိရပ်ဖများတက်ရောက်ကြပြီး စာကြည့်တိုက် အဆောက်အအုံသစ်ကိုခရိုင်ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်၊ အလှူရှင်ဦးမြသန်း-ဒေါ်ခင်စုနှင့်ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ယင်းနောက် ဆင်တောင်ကြီး စာအုပ်တိုက် ဦးအောင်မြင့်-ဒေါ်ချို မိသားစု ကလှူဒါန်းသော သုတ၊ ရသ စာအုပ် ၃၀၀နှင့် အလှူရှင်များလှူဒါန်း သောစာအုပ်စုစုပေါင်း ၄၉၀ကို ကျေးရွာ ဥက္ကဋ္ဌက လက်ခံယူသည်။

အဆိုပါ ဆန္ဒမွန် စာကြည့်တိုက် အဆောက်အအုံသစ်မှာ ပေ၄၀၊ ပေ၂၀ သွပ်မိုး၊ နံရံကပ်အဆောက်အအုံဖြစ်ပြီး ဝဲလောင်မြို့နေ ဦးမြသန်း-ဒေါ်ခင်စု မိသားစုက ပရိဘောဂပစ္စည်းများ အပါအဝင်ငွေကျပ်သိန်း ၃၀ဖြင့် အကုန်အကျခံ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုဖြင့် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်စက်ရေ တွင်း များ ပုံမှန်လည်ပတ်နိုင်ရေးအတွက် စက်ကြွခိုင်ရေး ဆောင်ရွက်ခြင်းနှင့် ပြင်ဆင်ထိန်း သိမ်း ခြင်း လုပ်ငန်းများ စဉ်ဆက် မ ပြတ် ဆောင်ရွက်လျက်ရှိရာ လဲပင်ကျေးရွာ စက်ရေတွင်း ပြင်ဆင်မှုကို အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စက်တင်ဘာ ၈ရက်က မန္တလေး အထက(၁) အောင်ရာဇာခန်းမတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကျင်းပရာ မန္တလေးတိုင်း ယာဉ်ထိန်းတပ်ဖွဲ့ တပ်ဖွဲ့မှူးက ဟောပြောစဉ်။

(၁၆၂)

မန္တလေးတိုင်း မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ငွေကြာရုံ ၃(ခ) စည်ပင်သာယာလမ်း အမှတ် ၇၂ နေ ဦးအောင်ကြည်-ဒေါ်ခင်ခင်မ သားသမီး၊ မြေးတစ်စုတို့က ကျောင်းအလှူငွေကျပ်နှစ်သိန်းကို လှူဒါန်းရာ ကျောင်းအကျိုးဆောင် ဒေါ်ကေသက်မော်က လက်ခံပြီး ကျောင်းဖြစ်မြောက်ရေး အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကြီး)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန် ခြင်ဆေးဖျန်း

ဒိုက်ဦး စက်တင်ဘာ ၁၀

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးဆောင်မှုဖြင့် အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ဩဂုတ် ၁၄ရက်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့ပေါ် အခြေခံပညာအထက်တန်းကျောင်း၊ မူလတန်းကျောင်း၊ ပရဟိတ ဘုန်းတော်ကြီး ပညာသင်ကျောင်းနှင့် မြို့မဈေးတို့တွင် ခြင်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာ လမ်းသစ် အမှတ် ၄၂(ဘီ- ၄အေ) နေ ဦးဝင်းမြင့်-ဒေါ်နီနီဝင်း၊ သမီး မဖြူစင်စင်သန့်၊ မမီမီသန့်မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တီ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျေးသီးမြို့နယ် ပြန်/ဆက် ဦးစီးဌာန စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေး

ကျေးသီး စက်တင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပန်စယ်ကျေးရွာအုပ်စု ဝမ်စွမ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နောင်ကော်အခြေခံပညာမူလတန်းကျောင်းတို့ စုပေါင်း၍ စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲကို ဩဂုတ် ၁၁ ရက်က နောင်ကော်အမကကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် စာအုပ်စုဆောင်းရရှိရေး၊ စာအုပ်များထိန်းသိမ်းရေး၊ အဆောက်အအုံနှင့် ပရိဘောဂရရှိရေး ဆွေးနွေးသည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးလွန်းခိန်နှင့် စာကြည့်တိုက်တာဝန်ခံ အမကမူပြ ဒေါ်လှိုင်လှိုင်ထွေးတို့က စာကြည့်တိုက်နှင့်ပတ်သက်၍ လိုအပ်ချက်များ ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းမြို့ ဓမ္မလင်္ကာရကျောင်းဆောင်သစ်ဆောက်ရန် ငွေလှူဒါန်း

မိုင်း စက်တင်ဘာ ၉

မကွေးတိုင်း မိုင်းမြို့ စိမ့်စမ်းမြိုင် ပရိယတ္တိစာသင်တိုက်ဝင်း၌ ဓမ္မလင်္ကာရကျောင်းဆောင်သစ် ဆောက်လုပ်လျက်ရှိသည်။

ပေးအပ်လှူဒါန်း

အဆိုပါကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက်က စိမ့်စမ်းမြိုင် ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မိုင်းမြို့နယ် ထန်းဖူးတောကျေးရွာ အလှူရှင်များကိုယ်စား ကျေးရွာ ဥက္ကဋ္ဌ ဦးတင်ဝင်းက ငွေကျပ် ၅၁၃၈၀ကိုလည်းကောင်း၊ ထန်းဖူးတောကျေးရွာနေ အလှူရှင် ဦးစောထွန်းက ငွေကျပ် တစ်သိန်းကိုလည်းကောင်း ကျောင်းဆောက်လုပ်ရေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဘသန်းထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)** (၂၇၃)

မြို့နယ် သတင်းများ

ဖားကန့်မြို့၌ ကျေးရွာရေပေးရေး ပိုက်လိုင်းများတပ်ဆင်

ဖားကန့် စက်တင်ဘာ ၁၂

ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာနေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိစေရေးအတွက် ဖားကန့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားရှိသော ဒွန်ဘန်ကျေးရွာ ရေပေးရေး လုပ်ငန်းရှိ ရေစုကန်မှ အနည်အနှစ်များ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းနှင့် ပိုက်လိုင်းများ အသစ်ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဘုန်းလင်းနှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့ မြနန္ဒာလမ်းဘေးဝဲယာ တစ်လျှောက် ခြောက်ပေအကျယ် ကျောက်လမ်းချဲ့ထွင်၍ သဲဖြန့်ခင်းမှုကို ဩဂုတ် ၂၈ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အမှုဆောင်အရာရှိ ဦးအောင်စည်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပေါင်းမြက်များ ရှင်းလင်း

ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဩဂုတ် ၂၈ရက်က မင်းလမ်းဘေး ဝဲယာတစ်လျှောက် ပေါင်းမြက်များ ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဒေးဖဲ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့ မြို့မဈေးကြီးအတွင်း အပြင်ရှိ ဆိုင်များတွင် အိုင်အိုဒင်းဆားရောင်းချသောဆိုင်များတွင် အိုင်အိုဒင်းပါဝင်မှု အရည်အသွေးစစ်ဆေးမှုကို စက်တင်ဘာ ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး(၂) ဦးဇော်မျိုးထွန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းဦးစီးဌာနမှူး ဦးတင်အောင်နှင့် ခရိုင်ဦးစီးဌာနမှူး ဦးကျော်အုံးတို့၏ ကြီးကြပ်မှုဖြင့် လက်ပံတန်းမြို့ မြို့မအလကကျောင်း၌ နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဩဂုတ် ၂၉ရက်က ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမျိုးမြင့်က ကျောင်းသူ ကျောင်းသား ၁၆၇ဦးအား နိုင်ငံသားစိစစ် ရေးကတ်ပြားများ တစ်ဦးချင်းပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

အထူးကုဆရာဝန်များ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

မြင်းခြံ ဩဂုတ် ၂၅

မြင်းခြံခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဇူလိုင် ၂၈ရက်က မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ဂျိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ကျေးလက်ပြည်သူ ၇၀၀ကျော်တို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဖြစ် ကွင်းဆင်းစစ်ဆေးကုသပေးကြသည်။

ထို့နောက် ဂျိုကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းရှိ ဩည့်ခန်းမ၌ ကလေးအထူးကုဆရာဝန် ဒေါက်တာ ဒေါ်ချိုချိုသန်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ မီးယပ်သားဖွားအထူးကု ဒေါက်တာ ဒေါ်အမာက မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းကို လည်းကောင်း ပညာပေး ဟောပြောကြသည်။ **(၄၀၂)**

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်း

ရွှေကျင် စက်တင်ဘာ ၃

ရွှေကျင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဩဂုတ် ၂၂ရက်က ရပ်ကွက်၊ ကျေးရွာနှင့်ကျောင်းများအတွင်း ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

26-9 (17) 1 9/26/07, 2:29 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်) ပုသိမ်တက္ကသိုလ်
ကြေညာချက်

အဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်မှ အောက်ဖော်ပြပါ ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့အပ်နှင်း ချီးမြှင့်မည်ဖြစ်ပါသည်။

(က) ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ၂၀၀၆ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော အတန်းတင်စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ရိုးရိုးဘွဲ့(၂၀၀၃ အောင်)၊ ဥပဒေဘွဲ့(၂၀၀၂အောင်)၊ ဂုဏ်ထူးဘွဲ့(၂၀၀၂အောင်)၊မဟာဘွဲ့(၁၉၉၇အောင်)၊မဟာဥပဒေဘွဲ့(၁၉၉၇အောင်) ကျောင်းသား၊ ကျောင်းသူများ။

(ခ) ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ၂၀၀၇ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော အတန်းတင်စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် မဟာဘွဲ့(၉၆၊၉၇၊ ၉၈ အောင်)၊ မဟာဥပဒေဘွဲ့(၉၆၊၉၇၊၉၈အောင်) ကျောင်းသား ကျောင်းသူများ၊ ၂၀၀၇ခုနှစ် ဇွန်လတွင် အောင်မြင်ခဲ့ကြသော မဟာသုတေသနဘွဲ့ ကျောင်းသား ကျောင်းသူများ၊ မဟာဘွဲ့(၁၉၉၉အောင်)နှင့်မဟာဥပဒေဘွဲ့(၁၉၉၉အောင်)ကျောင်းသား ကျောင်းသူများ။

(ဂ) ၁၉၉၆-၉၇ ပညာသင်နှစ်မှစ၍ ဘွဲ့ယူရန်လျှောက်လွှာမတင်ရသေးသော ကျောင်းသား ကျောင်းသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသောလျှောက်လွှာပုံစံကို ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် ရယူလျက် အသစ်ရိုက်ကူးထားသော (၂လက်မ x ၁လက်မခွဲ)အရွယ် ဓာတ်ပုံနှစ်ပုံ ပူးတွဲ၍ ၃၁-၁၀-၂၀၀၇ရက် နောက်ဆုံးထား လျှောက်ထားရပါမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာရန်)

၃။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ပုသိမ်တက္ကသိုလ်ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ အထူးပြုဘာသာ၊ စာမေးပွဲခုံအမှတ် စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၄။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်လိုသူများသည် ဘွဲ့နှင်းကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့် ငါးရာတိတိ)နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ကို ပေးသွင်းရပါမည်။

၅။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာ၀တ်စုံ၊ တိုင်းရင်းသား၀တ်စုံ၊ အနောက်တိုင်း ၀တ်စုံ (အမျိုးသား)မိမိကြိုက်နှစ်သက်ရာ၀တ်စုံကို အပြည့်အစုံ၀တ်ဆင် တက်ရောက်ရမည် ဖြစ်ပါသည်။

၇။ ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်ကို ထပ်မံကြေညာပါမည်။

၈။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနခွဲသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်စိုး
ဌာနမှူး၊ သင်တန်းရေးရာ။

မာလာတင်

အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ	**လူဦးရေကန့်သတ်သည်**
၁-၁၁-၂၀၀၇ရက် စမည်	အမှတ် ၂၉၇၊ အခန်း ၆
စုံစမ်းချိန်-နံနက် ၉နာရီမှ	မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်၊
ညနေ ၆နာရီအတွင်း	ဖုန်း-၃၇၉၇၃၅၊ ၃၈၄၉၂၄။

အမည်ပြောင်း
အဖ ဦးဝင်းလှိုင်၏သမီး ကလေးမြို့ အထက (၁) န၀မတန်း(အေ)မှ မသဥ္ဇာခိုင်အား ယနေ့မှစ၍ မအိရွှန်းလဲ့ဖြူဟု ပြောင်းလဲခေါ်ပါရန်။ **မအိရွှန်းလဲ့ဖြူ။**

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရောဝတီတိုင်းတရားရုံး
ပုသိမ်မြို့
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၂၈

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဦးညီညီကျော်
ပုသိမ်မြို့။
တရားနိုင် **တရားရှုံး**

ရောဝတီတိုင်းတရားရုံး ၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ် ၇၊ မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့နှင့် ဦးညီညီကျော် အမှုတွင်ကျရှိသည့် ဒီကရီအတွက် ဇာရီပြုစာရင်း၌ ဖော်ပြထားသော ပစ္စည်းတွင် တရားရှုံးများ အကျိုးသက်ဆိုင်ခြင်းကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၉ရက်(၁၃၆၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်) နံနက် ၁၀း၀၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ရောဝတီတိုင်း ကျုံပျော်မြို့နယ် တေဇရပ်ကွက် ဗန္ဓုလလမ်း၊ မြေရဲမြောက်အကွက်၊ အကွက်အမှတ်(၁၀၀၀-ခ)၊ ဦးပိုင်အမှတ် ၂၆/က၊ မြေဧရိယာ ၀ဒသမ ၀၉၉ ဧကရှိ မြေနှင့် ယင်းမြေပေါ်ဆောက်လုပ်ထားသော တစ်ထပ်တိုက်အဆောက်အအုံနှင့် ဂိုဒေါင်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၆၀ သတ်မှတ်သည်။

လေလံစည်းကမ်းချက်များ

၁။ စာရင်းဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး။

အများသိစေရန်

ကျွန်ုပ်၏အမှုသည် ဒေါ်ခင်စောဦး ၁၂/တမန(နိုင်)၀၅၈၁၅၇၊ ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး(က+ဂ)ရပ်ကွက် ၁၅၇ လမ်း၊ အမှတ် ၄၇ နေသူ၏ ညွှန်ကြားပြောဆို လွှဲအပ်ချက်အရ ဒေါ်ခင်စောဦးနှင့် ဦးမောင်စန်းတို့သည် ၇-၃-၁၉၉၇ ရက်မှစတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ မယွန်းသီရိကို ၁၂-၂-၁၉၉၉ ရက်၌ မွေးဖွားခဲ့ပြီး မယွန်းသီရိသည် အမက-၁၅ တာမွေတွင် တတိယတန်းပညာကို သင်ကြားလျက်ရှိနေစဉ် ဖခင်ဦးမောင်စန်းသည် ၇-၉-၂၀၀၇ ရက်၌ ကွယ်လွန်သွားခဲ့ရာ ဦးမောင်စန်း၏ ကျန်ရစ်ခဲ့သော ရန်ကုန်တိုင်း တာမွေမြို့နယ် ၁၄၉ လမ်း အမှတ် ၁၃ ပထမလွှာတိုက်ခန်းနှင့် ပူးတွဲတပ်ဆင်သုံးစွဲလျက်ရှိနေသော တယ်လီဖုန်းအမှတ်-၂၀၀၅၀၄ နှင့် ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေဈေး (ယာယီ)စားသောက်ဆိုင်ခန်း ဆိုင်အမှတ် (၄)၊ (၅)၊ (၆)၊ (၇)၊ (၈) ဆိုင်ခန်းတို့သည် ဇနီးဒေါ်ခင်စောဦးနှင့် သမီးမယွန်းသီရိတို့၏ အမွေပုံ ခံစားခွင့်ရှိသော ပစ္စည်းများ ဖြစ်ပါ၍ ၎င်းတို့၏ စာဖြင့် သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်း၊ ဝယ်၊ ပေါင်နှံ၊ ငှားရမ်း၊ လှူဒါန်း၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းနှင့် အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ ဆောင်ရွက်ပေးပါရန်ကို ၎င်းတို့မှ ပြောဆိုလွှဲအပ်ထားပြီး ဖြစ်ပါကြောင်း။

ဒေါ်ခင်စောဦး
၁၂/တမန(နိုင်)၀၅၈၁၅၇

ဦးဇော်မင်း(ဝိဇ္ဇာဘွဲ့၊ ဥပဒေဘွဲ့)တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၅(အပေါ်ဆုံးထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၃၈၉၃ Toyota Corolla KE-72 S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်နိုင်နိုင်ဇော် မှတ်ပုံတင်အမှတ် ၁၂/သဃက(နိုင်)၁၁၁၁၉၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အရှေ့ပိုင်းခရိုင်ရုံး၊ (ရန်ကုန်မြို့)။**

အမည်နှင့် မွေးသက္ကရာဇ်အမှန် တောင်ငူ အထက-၆ တက္ကသိုလ်ဝင်တန်း(B)မှ ဦးစံကျော်၏ သမီး နော်အယ်ထူးအေး၏ အမည်မှန်မှာ ၃/သတန(နိုင်)၀၃၄၇၅၆ အရ နော်ချယ်ရီဖြစ်ပြီး မွေးသက္ကရာဇ်မှာ ၁၈-၇-၁၉၈၆ ဖြစ်ပါသည်။ **နော်ချယ်ရီ။**

အမှားပြင်ဆင်ချက်

၂၂-၉-၂၀၀၇ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၁၈)၌ ကန့်ကွက်နိုင်ပါသည်ဟူသောကြော်ငြာတွင် စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်း Yuzana Business Tower အဆောက်အအုံရှိ တိုက်ခန်းအမှတ် (၁၁၄၀)ဖော်ပြချက်အား (၁၁၀၄)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ယဉ်ယဉ်လှကို(ခ) ဒေါ်နန်းကွယ်

ချစ်လှစွာသောအဒေါ် ၂၃-၉-၂၀၀၇ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

တူ - ဦးခွန်ငွေမင်းသော်(စ-စ-စ)-နန်းပိုးနွန်း
မြေး - နန်းနွမ်းဆီရိငွေ(ခ)ဖောင်းဖောင်း၊
တူမ - နန်းနောနောငွေ(တောင်ကြီး)။

အမည်ပြောင်း

အဖ ဦးခင်မောင်ထွန်း၏ သား အထက(၂)တာမွေ ဆဋ္ဌမတန်း (C)မှ မောင်ပြည်ဟိန်းပိုင်အား မောင်ပြည်စိုးပိုင်ဟု လည်းကောင်း၊ ဒုတိယတန်း (A)မှ မငွေကြယ်စင်ထွန်းအား မငွေကြယ်စင်ဆုဟုလည်းကောင်းပြောင်းလဲခေါ်ပါရန်။ **မောင်ပြည်စိုးပိုင်၊ မငွေကြယ်စင်ဆု။**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စိန်ကြွား
ရေစကြိုမြို့နယ်၊ ဇရပ်နီရွာ
အသက် (၇၉)နှစ်

၁၉၈၀ ပြည့်နှစ်ဆင်း အင်္ဂလိပ်စာအဓိက ကျောင်းသားဟောင်း မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုး၏ မိခင်ကြီး ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဇော်မြင့်(ပါမောက္ခ၊ အင်္ဂလိပ်စာဌာန YUDE)
ဦးသန်းထွန်း(ILBC)နှင့် အင်္ဂလိပ်စာအဓိက သူငယ်ချင်းများ။

ဖခင်အမည်မှန်

အထက (၁) တောင်တွင်းကြီး တက္ကသိုလ်ဝင်တန်း အခန်း(ဂ)မှ မောင်သက်လွင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဦး ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်ဦး။**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေး ဆောင်ရွက် ထားမှုများကို ကွင်းဆင်း စစ်ဆေးရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်က ရှင်းလင်းတင်ပြစဉ်။ (၄၁၇)

မြေပုံမြို့၌ မြေယာရှင်းလင်း အလှပြုပြင်

မြေပုံ စက်တင်ဘာ ၃

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း မြေယာရှင်းလင်းအလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို ဩဂုတ် ၂၀ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(က-ပ)**

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျောက်ရေတွင်း-ဆင်စုရွာကြား သစ်သားတံတားတည်ဆောက်မှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဩဂုတ် ၂၆ ရက်က တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်ဇော်တို့ ကြီးကြပ်၍ မြကန်အတွင်း ရေညှိ၊ ဒိုက်ပင်များ ရှင်းလင်းဆယ်ယူခြင်းနှင့် ရေကန်ခြံစည်းရိုးပြုပြင်ခြင်းတို့ကို အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

ဟိုမိန်း စက်တင်ဘာ ၁

ရှမ်းပြည်နယ် (တောင်ပိုင်း)ဟိုမိန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့နယ်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက်၉နာရီက အမှတ် (၃)ရပ်ကွက်ရှိ ရွှေရင်အေးစပါးစံပြကွင်း၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ် မန်နေဂျာက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကို ကျင်းပသည်။ ထို့နောက် တာဝန် ရှိသူများက ဆုရသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာရေးဈေးအတွင်း ဩဂုတ် ၅ ရက်က ဈေးခေါင်း ဦးမျိုးကိုကိုလွင် ခေါင်းဆောင်သော ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်(န်)ခွန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်လက်မှတ်ရေးထိုးပွဲကျင်းပ

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh Limited တို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh Limited တို့သည် မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ဒေသ ရေနက်ပိုင်း လုပ်ကွက် AD-2, AD-3 နှင့် AD-9 တို့၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်များ (Production Sharing Contracts) ကို စက်တင်ဘာ ၂၃ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောလွင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Murli S.Deora၊

စာမျက်နှာ ၆ ကော်လံ ၁ ■

- ❒ မိုးလုံးပြည့်မုသာဝါဒများကို စဉ်ဆက်မပြတ် ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနကြီးတစ်ခုက ပခုက္ကူသံဃာလှုပ်ရှားမှု ဖြစ်စဉ်နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခန်းဆိုပြီး ထုတ်လွှင့်ရာတွင် မန္တလေးရှိ သံဃာတော်အရှင်မြတ်အပေါင်းတို့ကိုလည်း ဆက်လက်၍ လှုပ်ရှားပေးရန်ပြောချင်ကြောင်း၊ တိုက်ပွဲဝင်ရန် တိုက်တွန်းချင်ပါကြောင်းဖြင့် သံဃာလှုပ်ရှားမှု အရှိန်မြင့်လာစေရန် လှုံ့ဆော်မှုများ ဖန်တီးထုတ်လွှင့်ခဲ့။

- ❒ ထို့အတူ အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံဒေသများတွင် သီတင်းသုံးနေတော်မူကြသည့် အချို့သော ဆရာတော်ကြီးများ ထံသို့လည်း သံဃာလှုပ်ရှားမှုများကို အားပေးပါရန်နှင့် သံဃာများအား လှုပ်ရှားမှုများတွင် ပါဝင်ခွင့်ပြုပေးပါရန် တယ်လီဖုန်းများ ဖြင့် လျှောက်ထားမှုများ ပြုလုပ်လျက်ရှိ။

- ❒ အေးချမ်းစွာ တရားဓမ္မ ရှာဖွေသီတင်းသုံးလိုကြသော သံဃာတော်များကမူ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများ၊ မိုးလုံးပြည့် မုသာဝါဒ ပြည်ပအသံလွှင့်ဌာနများက ယခုကဲ့သို့မြန်မာနိုင်ငံတွင် ဆူပူအကြမ်းဖက်မှုများ ဖြစ်လာအောင် သွေးထိုးလှုံ့ဆော်မှုများကို လိုလားမှုမရှိကြကြောင်းနှင့် ပြည်သူအများအနေဖြင့်လည်း မတည်ငြိမ်မှု၊ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားလာပါက မိမိတို့၏ အလုပ်အကိုင်၊ စားဝတ်နေရေး၊ လူမှုရေးတို့ကို ထိခိုက်ပျက်ပြားလာနိုင်သဖြင့် ထိုသို့သော ဆူပူလှုပ်ရှားမှုများကို လိုလားမှုမရှိကြကြောင်း သိရ။

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြတဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့၊ တိုင်းရင်းသား ပြည်သူလူထုတွေရဲ့ စိတ်အစဉ်ကို တစ်စထက် တစ်စ ယုတ်လျော့ပြိုကွဲပျက်စီးအောင် လှုံ့ဆော်လုပ်ဆောင်ခဲ့မှုများကြောင့်ဖြစ်ပေါ်လာတဲ့ စိုးရိမ်သောက ဗျာပါဒတွေနဲ့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို အတိုင်းအဆမရှိ နှောင့်နှေးစေခဲ့တဲ့ အချိန်တွေအတွက် ဘယ်သူတွေမှာ အပြစ်ရှိသလဲ၊ ဘယ်သူတွေက ဘယ်လိုပြန်ပြီး တာဝန်ယူပေးကြမှာလဲ၊ ဘယ်လိုပြန်လည်ဖြည့်စွမ်းပေးကြမှာလဲ၊ မိုးလုံးပြည့်မုသာဝါဒကို ထုတ်လွှင့်နေတဲ့ အနောက်မီဒီယာနဲ့ ဆန့်ကျင်ဘက် မီဒီယာတွေက အနာဂတ်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူပေးမှာလား။ အော်လို့ကောင်းလို့ အော်ရုံ၊ ဆူပူအုံကြွစေချင်တာကို လှုံ့ဆော်မှုပြုလို့ကောင်းလို့ လှုံ့ဆော်မှုပြုရုံ၊ မုသာဝါဒနဲ့ မဟုတ်တမ်းတရမ်းတွေ ရေးသားဖော်ပြ ထုတ်လွှင့်ပေးတာမျိုးနဲ့တော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာဖို့ဆိုတာ ပြဒါးတစ်လမ်း သံတစ်လမ်းပါပဲ။

ဦးဆွေ(ဗဟန်း)၏ ဆောင်းပါး (စာ ၈–၉)တွင် ဖတ်ရှုနိုင်ပါသည်။

26-9 (20) 1 9/26/07, 2:29 AM